ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသော သူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)



# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊စိမ်းလန်းစိုပြည်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)**

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS)သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် 5D LED မှန်တံတားအား ဖြတ်သန်းကြပြီး ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များ၊ Dinosaur Kingdom အတွင်း ခင်းကျင်းထားရှိမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုပြီး Sky Cable Car ဖြင့် လိုက်ပါစီးနင်းသည်။ ယင်းနောက် နိုင်ငံတော်သမ္မတသည် အပန်းဖြေစခန်းအတွင်း 5D Cinema ဆောင်ရွက်သွားမည့်အခြေအနေများအား

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**Dinosaur Kingdom အတွင်း ခင်းကျင်းထားရှိမှုများ လှည့်လည်ကြည့်ရှု**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) ၌ Dinosaur Kingdom အတွင်း ခင်းကျင်းထားရှိမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုစဉ်။



**ယနေ့ ဖတ်စရာ**

**အနာဂတ်တွေ ပိုမိုတောက်ပအောင် ပညာရေးကဏ္ဍနဲ့ စတင်ကြရအောင်** ဆောင်းပါး စာမျက်နှာ » ၆

**ရွှေဘိုပေါ်ဆန်း အရည်အသွေးထိန်းသိမ်းခြင်းဖြင့် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်** ဆောင်းပါး စာမျက်နှာ » ၁၁

**နှစ်ပေါင်း ၅၀ ကျော် ပဟေဠိဖြစ်နေသည့် သွေးအုပ်စုအသစ် တစ်ခုအတည်ပြု** နည်းပညာနှင့် သုတကမ္ဘာ စာမျက်နှာ » ၁၇



**လေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့ပြီးဖြစ်**

နေပြည်တော် မေ ၁၇

ယနေ့နံနက်၅နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီး ဖြစ်သည်။ မိုး/ဇလ

ကြေးမုံ

# ပြင်ဦးလွင်မြို့ဖွံ့ဖြိုးတိုးတက်ရေး သာယာလှပရေးပါဝင်ဆောင်ရွက်

ပြင်ဦးလွင်မြို့သည် ဆယ့်နှစ်လရာသီ ရာသီဥတုကောင်းမွန်ပြီး အလွန်သာယာလှပသည့်မြို့တစ်မြို့ဖြစ်သည်။ အထူးသဖြင့် နွေရာသီတွင် အပန်းဖြေမြို့အဖြစ် အစဉ်အဆက် ထင်ရှားကျော်ကြားသည်။ ပန်းမျိုးစုံနှင့် ရာသီသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်သလို ချယ်ရီပင်များ စိုက်ပျိုးဖြစ်ထွန်းသည့် ဒေသလည်းဖြစ်သည်။ ထို့ကြောင့် ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ပန်းမြို့တော် ပြင်ဦးလွင်ကို စဉ်ဆက်မပြတ် သာယာလှပဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြင်ဦးလွင်ဒေသသည် ယခင်ဆယ်စုနှစ် နှစ်စုကာလခန့်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ရမည်ဖြစ်သည်။ ပြင်ဦးလွင်မြို့သို့ နိုင်ငံတော်အကြီးအကဲ(ယခုနိုင်ငံတော်သမ္မတ)အနေဖြင့် မကြာခဏသွားရောက်ခဲ့ပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့သာယာလှပရေးတို့ကို လမ်းညွှန်မှာကြားခဲ့သည်။ မေ ၁၆ ရက်က ပြင်ဦးလွင်မြို့သို့ နိုင်ငံတော်သမ္မတ ရောက်ရှိစဉ် "မြို့များသည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး မြို့တစ်မြို့ချင်းစီအလိုက် ကောင်းအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံကိုကောင်းအောင် တည်ဆောက်နေခြင်းပင်ဖြစ်သဖြင့် မိမိတို့မြို့ ဖွံ့ဖြိုးတိုးတက်စေရေး ဒေသခံများနှင့် ဒေသတွင် တာဝန်ထမ်းဆောင်နေသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်" တိုက်တွန်းပြောကြားခဲ့သည်။

ပြင်ဦးလွင်မြို့တွင် မူရင်းဒေသခံများနေထိုင်ကြသကဲ့သို့ အခြားဒေသများမှ ပြောင်းရွှေ့ရောက်ရှိနေထိုင်ကြသူများလည်းရှိသည်။ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့တွင်နေထိုင်ကြသူပြည်သူများအနေဖြင့်လည်း မိမိတို့မြို့သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုသည်။ မိမိတို့နေထိုင်ရာ အိမ်ခြံမြေများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုသည်။

ပြင်ဦးလွင်မြို့သည် သဘာဝကပေးထားသော အေးချမ်းသာယာလှပသည့် ရာသီဥတုနှင့် အနေအထားကို ပိုင်ဆိုင်ထားပြီး နေထိုင်ရန်ကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည်။ ထို့ကြောင့် ပြင်ဦးလွင်မြို့အား ကျန်းမာရေးမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး နိုင်ငံတော်သမ္မတက မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြင်ဦးလွင်မြို့သည် မြို့နေလူဦးရေ ထူထပ်များပြားလာသည်နှင့်အမျှ နေ့စဉ်အမှိုက်စွန့်ပစ်မှုများလည်း များပြားလာရာ အဆိုပါစွန့်ပစ်အမှိုက်များကို အကျိုးရှိစွာဖြင့် ပြန်လည်အသုံးချ၍ မြို့အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကဲ့သို့ လုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုသည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားပြီး ပိုမိုလာရောက်လည်ပတ်ကြမည်ဖြစ်သည်။

ပြင်ဦးလွင်မြို့၏ ဂုဏ်ဒြပ်ပိုမိုကောင်းမွန်လာမှုနှင့်အတူ ခရီးသွားပြည်သူများ စားသုံးရန်နှင့် ဒေသတွင်းရှိပြည်သူများ စားသုံးရန်လိုအပ်သည့် အစားအသောက်များအတွက် အသား၊ ငါးနှင့် ဥများကို ဒေသတွင်း၌ပင် လုံလောက်အောင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်ကြသော ခရီးသွားများ လာချင်စဖွယ်ဖြစ်စေရေး ဒေသထွက်စားသောက်ကုန်များ၊ ရိုးရာအဝတ်အထည်များ၊ အစားအသောက်နှင့် ဒေသထွက်သီးနှံများကို ထိုက်သင့်သည့် ဈေးနှုန်းများဖြင့်ရောင်းချပြီး ခရီးသွားများကို ကောင်းမွန်သည့်ဝန်ဆောင်မှုများပေးခြင်း၊ ပျူငှာစွာဆက်ဆံခြင်းတို့ဖြင့် ပြင်ဦးလွင်မြို့၏ဂုဏ်သတင်းကို ဆက်လက်မြှင့်တင်ထားရမည်ဖြစ်သည်။ ပြင်ဦးလွင်ဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို တိုးချဲ့စိုက်ပျိုးပြီး သာယာလှပမှုနှင့် အအေးဓာတ်ကို ထိန်းသိမ်းထားရမည်ဖြစ်သည်။

ဒေသမျိုးရင်းပန်းမျိုးများကို ပိုမိုထိန်းသိမ်းဆောင်ရွက်ရန်လိုသလို ပြင်ဦးလွင်၏ ထင်ရှားသည့်ထုတ်ကုန်တစ်ခုဖြစ်သည့် မက်မန်းကိုလည်း ယခုထက်ပိုမိုစိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်သည်။ အခြားဥယျာဉ်သီးနှံများဖြစ်သည့် ထောပတ်၊ လိမ္မော်၊ မက္ကဒေးမီးယားအပါအဝင် အခြားသီးနှံများကိုလည်း တိုးတက်စိုက်ပျိုးထုတ်လုပ်ကြရန်လိုသည်။ ပြင်ဦးလွင်တွင် ပိုးစာပင်များ စိုက်ပျိုးဖြစ်ထွန်းသဖြင့် ပိုးစာပင်များကိုအခြေခံသည့် ပိုးချည်မျှင်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရာ ရေရှည်တွင် ပြင်ဦးလွင်ထုတ်ကုန် ပိုးချည်အဖြစ် ထင်ရှားလာမည်ဖြစ်သည်။ ယခင်နာမည်ရှိပြီး အရည်အသွေးကောင်းမွန်မြင့်မားသည့် နို့နှင့် နို့ထွက်ပစ္စည်းများကို ယခုထက် ပိုမိုထုတ်လုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နာမည်ဂုဏ်သတင်းထင်ရှားသည့် ပန်းမြို့တော်၊ ချယ်ရီမြို့တော် ပြင်ဦးလွင်မြို့ကို ယခုထက် ပိုမိုသာယာလှပရေး၊ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး၊ ခရီးသွားပြည်သူများ ပိုမိုစိတ်ဝင်စားရေးတို့အတွက် မြို့ပြတာဝန်ရှိသူများနှင့် မြို့နေပြည်သူများက ပြင်ဦးလွင်မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို တက်တက်ကြွကြွ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မျက်မမြင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် စစ်ကိုင်းမျက်မမြင်ကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်-

**သတ်မှတ်ချက်များ**

၁။ လက်ခံနိုင်သည့် မျက်မမြင်အမျိုးအစား
  (က) လုံးဝမမြင်သူများ
  (ခ) အနည်းငယ်မြင်သူများ (အမြင်အားဖြင့် ၁/၁၀ ထက်မပိုရ)
  (ဂ) ကုသ၍မရနိုင်သည့် မျက်မမြင်များ
၂။ စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူလိုစိတ်ရှိသူဖြစ်ရမည်။
၃။ အသက် (၆) နှစ်မှ (၁၈) နှစ်အတွင်းရှိသူ ဖြစ်ရမည်။
၄။ အမြင်အာရုံမသန်စွမ်းမှုမှလွဲ၍ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၅။ မိဘ (သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။
၆။ အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်။
၇။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။

**ကျောင်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ ကလေး၏ ပတ်စ်ပို့ဓာတ်ပုံ (၄) ပုံ၊ မွေးစာရင်း မူရင်းနှင့် မိတ္တူ
၂။ မိဘ (၂) ဦး မှတ်ပုံတင် မူရင်းနှင့် မိတ္တူ
၃။ အိမ်ထောင်စုဇယား မူရင်းနှင့် မိတ္တူ
၄။ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ရပ်ကွက်တွင် နေထိုင်ကြောင်း ထောက်ခံချက်
၅။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဌာန၏ ကူးစက်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း (အမှတ်-၁၃၂၊ ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့) သို့လည်းကောင်း၊ စစ်ကိုင်းမျက်မမြင်ကျောင်း (အမှတ် ၆/၂၈ မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး၊ စစ်ကိုင်းမြို့) သို့လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ စုံစမ်းနိုင်ပါသည်။ စာပေပညာရပ်၊ အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရရှိပါက ကျောင်းသား/သူများ၏ စားသောက်နေထိုင်ရေးကို နိုင်ငံတော်က တာဝန်ယူမည်ဖြစ်ပြီး ကျောင်းဝင်ကြေးနှင့် ကျောင်းလခ ပေးသွင်းရန်မလိုပါ။

အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၆၇-၄၀၄၂၅၂၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဖုန်း-၀၉-၂၅၇၃၃၈၄၇၉၊ ၀၉-၄၂၀၁၃၈၆၆၁ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း-၀၉-၄၀၂၆၄၅၁၇၃၊ ၀၉-၂၅၉၂၀၉၄၂၈ တို့ကို (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှားသွား

နေပြည်တော် မေ ၁၇

ယနေ့ နံနက် ၃ နာရီ ၄၆ မိနစ် ၁၆ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၀၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region)၊ မြောက်လတ္တီတွဒ် ၁၃ ဒသမ ၁၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၆၁ ဒီဂရီ၊ အနက် ၇၉ ကီလိုမီတာခန့်ကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၇(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## သန်လျင်၌ မျိုးစပါးနှင့် ဓာတ်မြေဩဇာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

မြို့နယ်သမဝါယမဦးစီးဌာနက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နိုင်ငံတော်၏ ရက် (၁၀၀) စီမံချက်ဖြင့် သန်လျင်မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား မျိုးစပါးနှင့် သဘာဝဓာတ်မြေဩဇာပေးအပ်ပွဲကို မေ ၁၄ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်သမဝါယမအသင်းစု လီမိတက်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလှိုင်မင်းဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား မျိုးစပါးနှင့် ဓာတ်မြေဩဇာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ၁၇ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း** - ခင်မို့မို့အောင်၊
**သတင်းထောက်များ** ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း** - အောင်ကျော်ဦး၊ သန်းတင်အောင်
**သတင်းထောက်များ** ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) ၌ ဆင်လေးများ၏ ကျွမ်းကျင်မှုနှင့် အလှပြ ပြကွက်များကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ငှက်များအား အစာကျွေးစဉ်။

○ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး အပန်းဖြေစခန်းအတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်း ခရီးသွားများ၊ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေ အနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်း သာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိအောင် ဆောင်ရွက်ထားရှိရန်၊ သစ်ပင်ပန်းမန်များကို စနစ်တကျစိုက်ပျိုးရန်၊ လျှောက်လမ်းများနှင့် တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိရန်၊ ချောင်းရိုးတစ်လျှောက် သန့်ရှင်းသာယာရေးနှင့် ရေများ သန့်ရှင်း ကြည်လင်မှုရှိစေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ဘေးကင်းလုံခြုံမှု ရှိစေရေးနှင့် စနစ်တကျရှိစေရေး ဝန်ဆောင်မှုကောင်းပေးသွားရန်နှင့် အခြားဖြည့်စွက် ဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြားသည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) ကို သဘာဝအလျောက် တည်ရှိနေသည့် သစ်ပင်ကြီးများ၊ ကျောက်တုံးများနှင့် စီးဆင်းနေသော ချောင်းရေအား အရည်အသွေးမြှင့်ထိန်းသိမ်းပြီး သစ်တောဂေဟစနစ်များကို လေ့လာနိုင်သည့် နေရာတစ်ခုအဖြစ် ဖန်တီးတည်ဆောက်ရန်၊ နိုင်ငံတကာအဆင့်မီ သဘာဝအပန်းဖြေစခန်း တစ်ခုအဖြစ် တည်ဆောက်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၃ ခုနှစ်တွင် အဆင့် မြှင့်တင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အပန်းဖြေစခန်းအတွင်း လာရောက်လည်ပတ်သူ ခရီးသွားပြည်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောင်ရွက်ထားပြီး 5D LED မှန်တံတား၊ အရှည် ၅၅၄ မီတာရှိ Sky Cable Car၊ Roller Coaster၊ Bumper Car၊ Tea Cups၊ Marry-Go-Round၊ Dinosaur Kingdom၊ တောတွင်း လျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများကို ထည့်သွင်းဆောင်ရွက်ထားရှိပြီး သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုခံစားနိုင်ကာ ပြင်ဦးလွင်မြို့၏ Land Mark နေရာများမှ တစ်ခုအဖြစ် ပြည်တွင်းပြည်ပမှ ခရီးသွားများ၊ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

**သုမင်္ဂလာဈေးနှင့် အမျိုးသား ကန်တော်ကြီးဥယျာဉ်**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သုမင်္ဂလာဈေး (ညံတောဈေး) အဆင့်မြှင့်ဈေးသစ်သို့ ရောက်ရှိကြပြီး ဈေးဆိုင်ခန်းများအလိုက် ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးကွက်ရရှိမှုနှင့် ဈေးရောင်းချရရှိမှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ရောက်ရှိကြပြီး ဥယျာဉ်အတွင်း သန့်ရှင်း သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ကျေးငှက်တိရစ္ဆာန်များအား စနစ်တကျမွေးမြူ ပြသထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကန်တော်ကြီးအတွင်းရှိ ငါးများနှင့် ဘဲငန်းများအား အစာကျွေးသည်။

ယင်းနောက် ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် နိုင်ငံတော်သမ္မတအား ဥယျာဉ်မှ တာဝန်ရှိသူများက အမျိုးသားကန်တော်ကြီး ဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဥယျာဉ်အတွင်း ရေအရင်းအမြစ် ထိန်းသိမ်းထားရှိမှု၊ ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိမှု၊ ပန်းပွဲတော်များကို နှစ်အလိုက် ကျင်းပပြုလုပ်လျက်ရှိမှုနှင့် အခြားလူထုစုပေါင်း လှုပ်ရှားမှုများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အမျိုးသား ကန်တော်ကြီး ဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထင်ကရ Land Mark နေရာတစ်ခုဖြစ်သဖြင့် ကန်များ၌ ရေများ အမြဲပြည့်နေပြီး သစ်ပင်ပန်းမန်အလှအပများဖြင့် အစဉ်လှပနေစေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥယျာဉ်အတွင်း မျက်စိပသာဒဖြစ်စေရေးအတွက် သစ်ပင်များအား အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းများကို ဆောင်ရွက်သွားရန်နှင့် သဘာဝအတိုင်း နှစ်လိုချမ်းမြေ့ဖွယ် မြင်ကွင်းရရှိစေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊

စာမျက်နှာ ၄ သို့ ○

**❛ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်း ခရီးသွားများ၊ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေအနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိအောင် ဆောင်ရွက်ထားရှိရန် လမ်းညွှန်မှာကြား သစ်ပင်ပန်းမန်များကို စနစ်တကျစိုက်ပျိုးရန်၊ လျှောက်လမ်းများနှင့် တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိရန်၊ ချောင်းရိုးတစ်လျှောက် သန့်ရှင်းသာယာရေးနှင့် ရေများ သန့်ရှင်းကြည်လင်မှုရှိစေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် စနစ်တကျရှိစေရေး ဝန်ဆောင်မှုကောင်းပေးသွားရန်နှင့် အခြားဖြည့်စွက်ဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြား❜**






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်နေမှုအခြေအနေများကို နယ်မြေခံစစ်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

○ စာမျက်နှာ ၃ မှ

ပြင်ဦးလွင်ဒေသတွင် ဆယ့်နှစ်လရာသီပတ်လုံးဖူးပွင့်နိုင်ပြီး ရနံ့စုံသည့် ပန်းမျိုးစုံရှိသည့်အတွက် ဒေသသို့ လာရောက်ကြသည့် ခရီးသွားအပန်းဖြေသူ ဧည့်သည်များ မည်သည့်အချိန်တွင် လာရောက်သည်ဖြစ်စေ စိတ်ချမ်းသာမှုရှိစေရေး ပန်းများအမြဲမပြတ် ဖူးပွင့်လှပနေအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပန်းတို့၏သဘောသည် လူကိုလန်းဆန်းစေပြီး လူတိုင်းနှစ်သက်ကြကြောင်း၊ ပန်းအလှအပများ၊ ကန်ရေပြင်၊ အေးမြလတ်ဆတ်သည့် ရေထု၊ လေထုတို့ဖြင့် မြို့ကိုလာရောက်သူများ စိတ်အေးချမ်းမှုရရှိစေရန် ပေးစွမ်းနိုင်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကန်တော်ကြီးဥယျာဉ် အမြဲစိမ်းလန်း စိုပြည်စေရေး၊ ရေကန်များ ရေဝင်ရေထွက်ကောင်းမွန်စေရေး တာဝန်ရှိသူတို့က ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသမျိုးရင်းပန်းများ ဖြစ်သည့် မေမြို့ပန်းနှင့် ဂန္ဓမာပန်းတို့ကို ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး မျိုးစေ့ထုတ်လုပ်ဆောင်ရွက်သွားရန်နှင့် ပန်းများ၏အရောင်အဆင်း၊ရနံ့များ ပိုမိုကောင်းမွန်စေရေး သုတေသနပြု စိုက်ပျိုးသွားရန်လိုကြောင်း၊ ဥယျာဉ်အတွင်းပန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖူးပွင့်လှပနေစေရေး Master Plan စနစ်တကျရေးဆွဲ၍ Green House များဖြင့် စိုက်ပျိုးသွားရန်၊ တောတွင်းလျှောက်လမ်းအား အသစ်ပြန်လည်တည်ဆောက်သွားရန်၊ ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနှင့် ညီညွတ်မျှတသည့် ရာသီဥတုကိုဖော်ဆောင်နိုင်ရေး ဝါးစိုက်ခင်းများတည်ထောင်ကာ ဝါးပင်များအကြား ဝါးပင်တန်းလျှောက်လမ်း တည်ဆောက်သွားရန်၊ ချယ်ရီပင်များကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သုမင်္ဂလာဈေး (ညံ့တောဈေး) အဆင့်မြှင့်ဈေးသစ်၌ ဈေးဆိုင်ခန်းများအလိုက် ဖွင့်လှစ်ရောင်းချနေမှုများကို ကြည့်ရှုစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ချယ်ရီရိပ်ဖောင်ဒေးရှင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ကျင်းပရာ အလှူငွေများမပေးအပ်မီ နိုင်ငံတော်သမ္မတက ချယ်ရီရိပ်ဖောင်ဒေးရှင်းကို စစ်တက္ကသိုလ်ကျောင်းဆင်းအရာရှိကြီးများ၊ သင်ကြားရေးတာဝန် ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများက ဦးဆောင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆရာကြီး၊ ဆရာမကြီးတို့သည် မိဘနှင့် တစ်ဂိုဏ်းတည်းထားရမည့် ဒုတိယမိဘများပင်ဖြစ်ကြောင်း၊ မိမိတို့ကျောင်းဆင်းအရာရှိများအပေါ် လူကောင်းသူကောင်းများ ဖြစ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး လေ့ကျင့်သင်ကြားမွေးထုတ်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း Guardian စနစ်ဖြင့် ဆင့်ကဲကွပ်ကဲအုပ်ချုပ်ကြရပြီး အထက်အောက်စနစ်တကျ ညီညွတ်မျှတစွာ ညီရင်းအစ်ကိုသဖွယ် မိဘသဖွယ်စောင့်ရှောက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်သူ Guardian များသာမက ဆရာ ဆရာမများသည်လည်း သွန်သင်ဆုံးမမှုများ၊ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ မိမိတို့အား မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်တတ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး သင်ကြားလေ့ကျင့်ပေးခဲ့သည့်ဆရာ ဆရာမများ၊ အုပ်ချုပ်သူများအားလုံးကို မိမိတို့အနေဖြင့် အစဉ်အမြဲအမှတ်ရ ကျေးဇူးတင်ရှိနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (ဗိုလ်ချုပ်မှူးကြီး အငြိမ်းစား) နှင့် အလှူရှင်များက ချယ်ရီရိပ်ဖောင်ဒေးရှင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အမှတ်တရလက်ဆောင်ပြန်လည်ပေးအပ်သည်။

**အနီးစခန်းလေဆိပ်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အနီးစခန်းလေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ် အဆင့်မြှင့်တင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ နယ်မြေခံ စစ်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လေယာဉ်ကွင်း အဆင့်မြှင့်တင်ရာတွင် အရည်အသွေး ပြည့်မီမှုရှိစေရေးအတွက် အရည်အသွေး စစ်ဆေးထိန်းသိမ်းရေးအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လေဆိပ် အဆောက်အအုံသစ်တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ လေယာဉ်ရပ်နားရန်နေရာသစ် တည်ဆောက်ခြင်းလုပ်ငန်းနှင့် လေဆိပ်အဝင်လမ်းနှင့် လေဆိပ်ဝန်းကျင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လေကြောင်းထိန်း မျှော်စင်အသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခုလေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းသည် ပြည်တွင်းခရီးစဉ်များအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် သစ်သီးများနှင့် ပန်းမန်များအား အခြားဒေသများသို့ လွယ်ကူလျင်မြန်စွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိ လေဆိပ်အသစ်တည်ဆောက်ထားမှု အခြေအနေအရ တစ်ရက်လျှင်ခရီးသွား ၁၀၀၀ ခန့် ဝင်ထွက်နိုင်အောင် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လေဆိပ်အတွင်း ခရီးသွားပြည်သူများ နားနေရန်အတွက် ထိုင်ခုံနေရာချထားမှုများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင်လည်းသတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်းဖြစ်စေရေး စနစ်တကျတွက်ချက်တည်ဆောက် အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ လေဆိပ်တွင် လေယာဉ်ဆင်းသက်မှုနှင့် ထွက်ခွာမှုများ အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းသာယာမှုရှိစေရေးအတွက် သစ်ပင်များကို စိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **လက်ရှိလေဆိပ်အသစ် တည်ဆောက်ထားမှုအခြေအနေအရ တစ်ရက်လျှင် ခရီးသွား ၁၀၀၀ ခန့် ဝင်ထွက်နိုင်အောင် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လေဆိပ်အတွင်း ခရီးသွားပြည်သူများနားနေရန်အတွက် ထိုင်ခုံနေရာချထားမှုများကို စနစ်တကျဆောင်ရွက်သွားရန်လို**

❖ **လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်းဖြစ်စေရေး စနစ်တကျ တွက်ချက်တည်ဆောက် အဆင့်မြှင့်တင်သွားရန်လို**

# လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မက္ခရာမြို့နှင့်ပလိပ်မြို့ရှိ ဘုရားများပြန်လည်ပြုပြင်နေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကြည့်ရှုစစ်ဆေး



မန္တလေး မေ ၁၇

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မက္ခရာမြို့ဟောင်းရှိ လျှော်ဒဏ်သင့် ဆေးဘုရားနှင့် ရွှေရောင်တော်ဘုရား ငါးဆူသို့ ရောက်ရှိပြီး ကျောက်ဆည်မြို့ မဟာဂန္ဓာရုံကျောင်း ဆရာတော် ဘဒ္ဒန္တကုသလာဘိဝံသ အမှူးပြုသော ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ မက္ခရာဆေးဘုရား၊ အမရပူရခေတ်လက်ရာ နံရံဆေးရေးပန်းချီများရှိသော ရွှေရောင်တော်ဘုရားလိုဏ်အတွင်းရှိ နံရံဆေးရေးပန်းချီများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပုလိပ်မြို့ လျှော်ဒဏ်သင့် ရှင်ပင်ဂူလှဘုရားသို့ သွားရောက်ဖူးမြော်ပြီး ရတနာမြိုင်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ အမှူးပြုသော ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရှင်ပင်ဂူလှဘုရား ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်ဝန်ကြီးချုပ် သထုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မော်လမြိုင် မေ ၁၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ယနေ့နံနက်ပိုင်းတွင် သထုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ခြံပိုင်ရှင် ဦးညီစိုးဝေ၏ ရော်ဘာအခြေခံဘက်စုံ စံပြစိုက်ခင်းသို့ ရောက်ရှိပြီး ရော်ဘာအပါအဝင် သီးနှံခြောက်မျိုးဖြစ်သည့် ကိုကိုး၊ သရက်၊ ပိန္နဲ၊ အုန်း၊ ဒူးရင်းပင်များ စီးပွားဖြစ် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် သထုံမြို့နယ် နောင်ကုလားကျေးရွာရှိ ပအိုဝ်းအမျိုးသားဗိမာန်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံမြို့နယ်ဦးစီးမှူးရုံးက လမင်းစီမံချက်ဖြင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးလုပ်ငန်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် သထုံ-မော်လမြိုင် ရထားလမ်းပိုင်း အဆင့်မြှင့်တင်နေမှု အခြေအနေများကို သထုံဘူတာမှ ရင်းငြိမ်ဘူတာသို့ RBE.2524 ရထားဖြင့် ရထားလမ်းပိုင်းတစ်လျှောက် လိုက်ပါ၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပေါင်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးအသိပညာပေး

ပေါင် မေ ၁၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ညောင်ကုန်းလေးကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ရွာသူ ရွာသားများက သိရှိလိုသည့်မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးခဲ့သည်။ ထို့နောက် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



# ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင် လမ်းလယ်ကျွန်းများတွင် စိုက်ပျိုးထားရှိသည့် နှစ်ရှည်ပင်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၇

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးဝင်းမိုးခိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် တော်ဝင်ရတနာလမ်းပေါ်ရှိ လမ်းလယ်ကျွန်းနှင့် ရာဇဌာနီလမ်း (နှင်းဆီပန်းအဝိုင်းမှ ပဒုမ္မာကြာပန်းအဝိုင်း) တစ်လျှောက်ရှိ လမ်းလယ်ကျွန်းများတွင် စိုက်ပျိုးထားရှိသည့် နှစ်ရှည်ပင်များ ပုံသွင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



## ဝင်ရောက်ကြည့်ရှုနိုင်

နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပိုမိုသိရှိလိုပါက https://www. facebook. com/www.nptdc.gov.mm/ Facebook Page၊ htps://t.me/myanmarnptd Telegram Channel ၊ https://www.tiktok. com/@pridinformation?is – from-webapp=1&sender-device=pc TikTok Account နှင့် https:// www.nptdc.gov.mm/ Website တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မြိတ်မြို့၌ အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်

မြိတ် မေ ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အခြေခံစက်ချုပ်နည်းပညာသင်တန်းကို မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကလွင်ကျေးရွာအုပ်စု ငွေပုလဲရပ်ကွက် အရန်မီးသတ်ရုံးခန်း၌ မေ ၁၅ ရက်က ဖွင့်လှစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်တင်စိုးက အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သူသူစံက သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းအရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စီမံကိန်းလက်စွဲစာစောင်နှင့် သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ သင်တန်းကို ရက် ၃၀ ကြာ စာတွေ့ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် သင်တန်းသူ ၁၂ ဦးမှ ထူးချွန်သင်တန်းသူ ငါးဦးအား ၁၈ သိန်းနှင့်ညီမျှသော အပ်ချုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက သုံးစွဲခွင့်ပြုပြီး လုပ်ငန်းထူထောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



# ပေါင်းတည်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

ပေါင်းတည် မေ ၁၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ပွဲကို မေ ၁၂ ရက်က မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးသက်နိုင်က အစိုးရအဖွဲ့သစ်၏ ရက်(၁၀၀) စီမံချက်ကာလအတွင်း တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးလုပ်ငန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စိုက်ပျိုးစရိတ်ပေးအပ်ပွဲ၌ ကျေးရွာအုပ်စု နှစ်စုမှ တောင်သူ ၁၈၄ ဦး၏ မိုးစပါး စိုက်ပျိုးဧက ၁၁၂၁ ဧကအတွက် ချေးငွေကျပ် ၃၃၆၆ သိန်း ကိုထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရွှေသား(IPRD)

# အနာဂတ်တွေ ပိုမိုတောက်ပအောင် ပညာရေးကဏ္ဍနဲ့ စတင်ကြရအောင်

တာရာ

◇◇◇◇◇◇◇◇◇◇◇◇◇

**ကလေးဆိုတာ စက္ကူဖြူစာရွက်လေးတစ်ရွက်လိုပါပဲ။ အဲဒီစာရွက်လေးပေါ်မှာ ဘယ်လိုစုတ်ချက်တွေနဲ့ ဘယ်လိုအရောင်တွေ ခြယ်မှုန်းမလဲဆိုတဲ့အပေါ်မူတည်ပြီး နောင်အနာဂတ်မှာ ဖြစ်ပေါ်လာမယ့်ပုံရိပ်ကို မှန်းဆနိုင်ပါတယ်။ ဒီလို အဖြူရောင်စာရွက်လေးကို အဓိပ္ပာယ်ပြည့်ဝလှပသက်ဝင်တဲ့ ပန်းချီကားတစ်ချပ်အဖြစ် ပုံပေါ်လာဖို့က ပညာဆိုတဲ့စည်းဘောင်နဲ့ စနစ်တကျ ထိန်းကွပ်ပေးကြရမှာဖြစ်ပါတယ်။**

ပညာရေးက ကလေးတစ်ယောက်ရဲ့သိမြင်မှုကို မြှင့်တင်ပေးသလို အကျင့်စာရိတ္တ၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ဘဝမှာအခက်အခဲတွေ ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းနဲ့ ဆုံးဖြတ်ချက်ချမှတ်နိုင်စွမ်းတွေကို တည်ဆောက်ပေးနိုင်ပါတယ်။

**ပညာရေးက လူတစ်ယောက်ရဲ့ဘဝ**

ဒါကြောင့် ကလေးတစ်ယောက်ကို လူ့အသိုင်းအဝိုင်းအတွက် တန်ဖိုးရှိတဲ့ပုဂ္ဂိုလ်တစ်ဦးအဖြစ် ထုဆစ်ပုံဖော်ချင်တယ်ဆိုရင် ပညာရေးနဲ့ကောင်းမွန်စွာ ပြုစုပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ ယနေ့ခေတ်မှာ ပညာရေးက လူတစ်ယောက်ရဲ့ဘဝ၊ နိုင်ငံတစ်ခုကိုသာမက ကမ္ဘာကြီးကိုပါ ပြောင်းလဲပေးနိုင်တဲ့ အရေးကြီးဆုံး အခြေခံစွမ်းအားတစ်ခု ဖြစ်လာပါတယ်။

တောင်အာဖရိကနိုင်ငံရဲ့ ပထမဆုံးသော လူမည်းသမ္မတ နယ်ဆင်မင်ဒဲလားက **"ပညာရေးက ကမ္ဘာကြီးကိုပြောင်းလဲဖို့ သင်အသုံးပြုနိုင်တဲ့ အင်အားအကြီးမားဆုံးသော လက်နက်ဖြစ်တယ်"** လို့ ဆိုမိန့်ခဲ့ဖူးပါတယ်။

ပညာရေးက လူတစ်ယောက်ကို အရည်အချင်းနဲ့ ကိုယ်ရည်ကိုယ်သွေး တိုးတက်လာစေပါတယ်။ ပညာကိုအသုံးချပြီး မိမိဘဝကို ပိုမိုတန်ဖိုးရှိအောင် ဖန်တီးနိုင်သလို လူအများကို ဦးဆောင်နိုင်ပြီး အနာဂတ်တွေကို ပြောင်းလဲစေနိုင်ပါတယ်။ ပညာရေးက သာမန်အသိပညာထက်ပိုပြီး လူ့တန်ဖိုး၊ စည်းကမ်းနဲ့ တာဝန်ယူမှုတို့ကိုပါ တွဲပြီးသင်ကြားပေးနိုင်တဲ့အတွက် လူ့အဖွဲ့အစည်းကို ပိုမိုတည်ငြိမ်ခိုင်မာအားကောင်းစေပါတယ်။

ဒါကြောင့် ပညာရေးကို အလေးထားမြှင့်တင်ခြင်းက လူတစ်ယောက်ရဲ့ အနာဂတ်ကိုသာမက နိုင်ငံနဲ့ ကမ္ဘာ့အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲနိုင်တဲ့ အရေးကြီးဆုံး အခြေခံအင်အားတစ်ခုဖြစ်လို့ နိုင်ငံတစ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုက ပညာရေးကဏ္ဍအပေါ် တည်မှီနေပါတယ်။

ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ဖို့ဆိုရင် ထူးချွန်ထက်မြက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်တွေ အများကြီးလိုအပ်ပါတယ်။ ပညာရည်နိမ့်သူတွေ၊ ပညာမဲ့သူတွေ၊ အသိပညာနိမ့်ကျသူတွေနဲ့ နိုင်ငံကို တည်ဆောက်လို့မရနိုင်ပါဘူး။

ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်နေတဲ့ ကမ္ဘာ့နိုင်ငံတွေကိုလေ့လာကြည့်ရင် ပညာရေးက အဆုံးအဖြတ်ပေးခဲ့တာကို တွေ့မြင်ရပါတယ်။ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားတဲ့ တိုင်းပြည်က နိုင်ငံကြီးတာ၊ ငယ်တာ၊ သယံဇာတကြွယ်ဝတာ၊ မကြွယ်ဝတာထက် နိုင်ငံမှာရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေအပေါ်မူတည်ပြီး အကျိုးရှိရှိ စီမံခန့်ခွဲနိုင်တဲ့အတွက် တိုးတက်ကြတာတွေ့ရပါတယ်။ တိုးတက်ကြတဲ့အတွက်လည်း နိုင်ငံတိုင်းက နိုင်ငံသူနိုင်ငံသားတွေ ပညာရည်မြင့်မားရေးကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်လာကြပါတယ်။

ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံခြင်းက နိုင်ငံတော်၏အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ လာမယ့်ဘဏ္ဍာနှစ်မှာ ပညာရေးကဏ္ဍကို နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၁၀ ရာခိုင်နှုန်းထက်မနည်း၊ လာမယ့်တစ်နှစ်ကျော်မှာ နိုင်ငံတော်ဘဏ္ဍာငွေရဲ့ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမှာဖြစ်ပြီး အစိုးရအဖွဲ့တာဝန်ယူနေတဲ့ ငါးနှစ်တာကာလအတွင်း ရာခိုင်နှုန်း ၂၀ အထိ တိုးမြှင့်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

မြန်မာတွေဟာ ဉာဏ်ရည်ထက်မြက်သူတွေဖြစ်ပြီး ခေတ်အဆက်ဆက် မြန်မာ့ပညာရေးက မညံ့ခဲ့သလို သင်ရိုးတွေကလည်း နိုင်ငံတကာအဆင့်မီခဲ့တယ်လို့ ပြောလို့ရပါတယ်။ သမိုင်းတစ်လျှောက်မှာ ထူးချွန်ထက်မြက်တဲ့ ပညာရှင်တွေများစွာ ပေါ်ထွက်ခဲ့ပါတယ်။

လက်ရှိအချိန်မှာလည်း အနာဂတ်နိုင်ငံတော်ရဲ့ တာဝန်တွေကို ပခုံးပြောင်းထမ်းဆောင်ကြရမယ့် မျိုးဆက်သစ်လူငယ်တွေအတွက် နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မယ့် အတတ်ပညာရှင်၊ အသိပညာရှင်တွေဖြစ်ဖို့နဲ့ ဗလငါးတန်ပြည့်ဝဖို့အတွက် ပညာရေးကဏ္ဍကို မဖြစ်မနေ မြှင့်တင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ဖို့**

"ပညာ"ဆိုတဲ့စကားလုံးက အဓိပ္ပာယ်ကျယ်ဝန်းပါတယ်။ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနဲ့ ကိုယ်တိုင်သင်ယူပညာရေးစသဖြင့် ပညာရယူနည်းတွေရှိရာမှာ စာသင်ခန်းတွေက ပညာသင်ကြားရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

နှစ်စဉ် မေလနောက်ဆုံးပတ်နဲ့ ဇွန်လပထမပတ်က မြန်မာနိုင်ငံရဲ့ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်ပြီး ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်နိုင်ဖို့ ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်ကို မဖြစ်မနေ ဆောင်ရွက်ကြဖို့လိုပါတယ်။

ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဟာ ကျောင်းသားတိုင်းအတွက် ပညာရေးခရီးစဉ်အသစ်တစ်ခုစတင်ရာ အရေးကြီးဆုံးအချိန်အခါဖြစ်ပါတယ်။ ကျောင်းအပ်ခြင်းက ကျောင်းနေအရွယ်ကလေးအားလုံးအတွက် ပညာသင်ယူဖို့ စတင်လိုက်တဲ့ ပထမဆုံးခြေလှမ်းဖြစ်ပါတယ်။

ကလေးတစ်ယောက်ကို ကျောင်းအပ်နှံပေးခြင်းဆိုတာ စာသင်ခန်းထဲကို ပို့ဆောင်ပေးတာတစ်ခုတည်းမဟုတ်ပါဘူး။ စာသင်ကျောင်းတံခါးဖွင့်လိုက်ခြင်းက ထောင်တံခါးပိတ်လိုက်ခြင်းလည်းဖြစ်သလို အနာဂတ်ကိုပုံဖော်ပေးနိုင်ဖို့ ဘဝလမ်းကြောင်းသစ်တစ်ခု ဖွင့်လှစ်ပေးလိုက်ခြင်းအထိ အဓိပ္ပာယ်ကျယ်ဝန်းပါတယ်။ စာသင်ခန်းတိုင်းရဲ့ ထိုင်ခုံတိုင်းမှာ အနာဂတ်ခေါင်းဆောင်တွေ မွေးထုတ်ပေးဖို့ အစပြုရာနေရာတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အခြေခံပညာကဏ္ဍမှာ ကျောင်းနေအရွယ်တိုင်း မသင်မနေရ အခမဲ့မူလတန်းပညာရေးကို ဖော်ဆောင်ပြီး နိုင်ငံသူနိုင်ငံသားတွေ ပညာရည်မြင့်မားရေးကိုစွမ်းဆောင်ကြိုးပမ်းနေပြီဖြစ်ပါတယ်။

ကျောင်းအပ်နှံရာမှာ အခကြေးငွေပေးစရာမလိုအပ်တဲ့အပြင် သူငယ်တန်း(KG) ကနေ ဒွါဒသမတန်း (Grade -12)အထိ ဖတ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာတွေ ထောက်ပံ့ပေးနေသလို သူငယ်တန်း(KG)ကနေ ပဉ္စမတန်း(Grade-5) အထိကို ကျောင်းဝတ်စုံတစ်စုံစီလည်း ထောက်ပံ့ပေးပါတယ်။

> **ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်နေတဲ့ ကမ္ဘာ့နိုင်ငံတွေကို လေ့လာကြည့်ရင် ပညာရေးက အဆုံးအဖြတ်ပေးခဲ့တာကို တွေ့မြင်ရပါတယ်။ ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားတဲ့ တိုင်းပြည်က နိုင်ငံကြီးတာ၊ ငယ်တာ၊ သယံဇာတကြွယ်ဝတာ၊ မကြွယ်ဝတာထက် နိုင်ငံမှာရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေအပေါ် မူတည်ပြီး အကျိုးရှိရှိ စီမံခန့်ခွဲနိုင်တဲ့အတွက် တိုးတက်ကြတာ တွေ့ရပါတယ်။ တိုးတက်ကြတဲ့အတွက်လည်း နိုင်ငံတိုင်းက နိုင်ငံသူနိုင်ငံသားတွေ ပညာရည်မြင့်မားရေးကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်လာကြ**

အခြေခံပညာကျောင်းတွေမှာ ကျောင်းအပ်နှံမှုအနေနဲ့ ၂၀၁၁ -၂၀၂၂ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၅ ဒသမ ၃ သန်း၊ ၂၀၂၂ -၂၀၁၃ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၇ ဒသမ ၂၃ သန်း၊ ၂၀၁၃ -၂၀၁၄ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ရှစ်သန်းကျော်နဲ့ ၂၀၁၄ -၂၀၁၅ ပညာသင်နှစ်မှာ ၇ ဒသမ ၃ သန်းကျော် ကျောင်းအပ်နှံခဲ့ပါတယ်။

ပညာရေးမြှင့်တင်ဖို့ဆိုရင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေဖို့နဲ့ ကျောင်းထွက်နှုန်းလျှော့ချစေဖို့၊ ပညာကို ဆုံးခန်းတိုင်သင်ကြားနိုင်ဖို့လိုအပ်ပါတယ်။ ပညာရေးအားနည်းရင် တရားဥပဒေလိုက်နာမှု၊ တရားဥပဒေစိုးမိုးမှုမှာလည်း အားနည်းလာတာဖြစ်ပါတယ်။ ပညာရည်နိမ့်ပါးရင် စဉ်းစားတွေးခေါ်မှုနဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေလည်း နိမ့်ကျနေမှာဖြစ်ပါတယ်။ ဘဝမှာ အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ဖို့က အနိမ့်ဆုံး KG + 9 အခြေခံပညာလောက်တော့ တတ်ကြရမှာဖြစ်ပါတယ်။

KG +9 အထိပြီးမြောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်သင်ယူဖို့ အခက်အခဲရှိသူတွေအနေနဲ့ အသက်မွေးဝမ်းကျောင်းပညာတွေ ဆက်လက်သင်ယူနိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးထားပါတယ်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွေ တက်ရောက်နိုင်ပြီး ကျွမ်းကျင်လုပ်သားတွေ၊ နည်းပညာကျွမ်းကျင်သူတွေ၊ အင်ဂျင်နီယာပညာရှင်တွေ၊ ကွန်ပျူတာပညာရှင်တွေအဖြစ် ပျိုးထောင်ပေးလျက်ရှိပါတယ်။

ကျောင်းဆိုတာ လူတစ်ယောက်ရဲ့ဘဝကို တိုးတက်ကောင်းမွန်စေတဲ့ အရေးကြီးတဲ့နေရာတစ်ခုဖြစ်ပါတယ်။ ပညာသင်ကြားရုံသာမက အရည်အချင်းနဲ့ ကျွမ်းကျင်မှုတွေ တိုးတက်လာအောင်၊ လိမ္မာယဉ်ကျေးလာအောင် ကူညီပေးနိုင်ပါတယ်။

**လူတစ်ယောက်ရဲ့အသိဉာဏ်ကို မြှင့်တင်ပေး**

ဒါ့အပြင် လူတစ်ယောက်ရဲ့ အသိဉာဏ်ကို မြှင့်တင်ပေးပြီး စိတ်ခံတပ်ပိုင်းကိုလည်း တည်ငြိမ်ကောင်းမွန်လာအောင် ပြုပြင်ပေးပါတယ်။ ကျောင်းက စာပေးသာမက စာရိတ္တနဲ့ ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာတွေက ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကိုယ်ကျင့်တရား၊ လူမှုဆက်ဆံရေးဆိုင်ရာ၊ လူအချင်းချင်းတန်ဖိုးထားလေးစားတတ်လာပြီး စာနာနားလည်စိတ်တွေဖြစ်ထွန်းပေါ်ပေါက်လာစေပါတယ်။ ချစ်ခြင်းမေတ္တာနဲ့ ရိုင်းပင်းကူညီတတ်တဲ့စိတ်တွေ ပိုမိုဖြစ်ပေါ်လာစေပါတယ်။

ဒါကြောင့် ကျောင်းတွေကို အမျိုးကိုချစ်၊ နိုင်ငံကိုချစ်ပြီး တာဝန်ယူတတ်တဲ့ နိုင်ငံ့သားကောင်းတွေမွေးထုတ်ပေးနိုင်တဲ့ အခြေခံနေရာတစ်ခုလို့ပြောလို့ရပါတယ်။ ကလေးတိုင်း ကျောင်းနေနိုင်ဖို့၊ ပညာသင်ယူခွင့်ရရှိဖို့လည်း လူမှုအသိုင်းအဝိုင်းတစ်ခုလုံးက ဝိုင်းဝန်းအားပေးဖို့လိုအပ်ပါတယ်။

ပညာရေးအဆင့်အတန်း မြင့်မားအောင်၊ လူတွေရဲ့ပညာဉာဏ်၊ ဗဟုသုတတွေဖွံ့ဖြိုးအောင် လုပ်ဆောင်ဖို့က ပညာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ထမ်းတွေနဲ့ အစိုးရမှာသာ တာဝန်ရှိတာမဟုတ်ပါဘူး။ ပြည်သူအားလုံးမှာ တာဝန်ရှိပါတယ်။

မိမိတို့ရင်သွေးသားသမီးလေးတွေ ပညာတတ်ဖို့၊ မိမိတို့ ပညာတတ်ဖို့က မိမိတို့တာဝန်သာဖြစ်ပါတယ်။ ကိုယ့်တာဝန်ကို ရှောင်လွှဲနေလို့မရပါဘူး။ ယနေ့ခေတ်မှာ နည်းပညာတွေတိုးတက်လာတာနဲ့အမျှ အသိပညာတွေကလည်း အချိန်တိုအတွင်း လျင်လျင်မြန်မြန်ပဲ ပြောင်းလဲနေပါတယ်။ ဒီလိုပြောင်းလဲနေတဲ့ကမ္ဘာမှာ နောက်ကျမကျန်ဖို့ဆိုရင် အမြဲတမ်းသင်ယူနေဖို့ လိုပါတယ်။ မိဘတွေအနေနဲ့ သားသမီးတွေကို ပညာရေးအတွက် အားပေးမှုနဲ့ လမ်းညွှန်မှုတွေပေးနိုင်ဖို့ အရေးကြီးပါတယ်။

တချို့ကလေးတွေဟာ ဆင်းရဲနွမ်းပါးမှု၊ မိသားစုအခက်အခဲကြောင့် ကျောင်းထွက်ရတာ၊ ပညာရေးကို လက်လှမ်းမမီတာတွေ ဖြစ်တတ်ပါတယ်။ ဒီလိုကလေးတွေကို လျစ်လျူရှုထားမယ်ဆိုရင် လူ့စွမ်းအားရင်းအမြစ်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေပါတယ်။

ပညာရေးဆိုတာ လူတိုင်းအတွက် အခွင့်အရေးတစ်ခုဆိုတဲ့အမြင်နဲ့ ကလေးတိုင်းကို ပညာသင်ယူခွင့်ရရှိနိုင်ရေး အားပေးကူညီဖို့လိုပါတယ်။ ပညာရေးတိုးတက်လာတာနဲ့အမျှ လူမှုစီးပွားဘဝတွေ၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားမှုတွေ၊ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုတွေအထိပါ တစ်ပြိုင်နက်တည်း အထောက်အကူပြုလာနိုင်ပါတယ်။

ပညာတတ်လူငယ်တွေ များပြားလာခြင်းက နိုင်ငံအတွက် အဖိုးတန်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်လာစေတဲ့အတွက် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ပိုမိုတိုးတက်ကောင်းမွန်စေပါတယ်။ ဒါကြောင့် ကလေးတိုင်းပညာသင်ယူခွင့်ရရှိဖို့၊ အရည်အသွေးရှိတဲ့ ပညာရေးရရှိဖို့ မကြာမီရောက်ရှိလာတော့မယ့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်မှာ မိဘတွေအနေနဲ့ မိမိတို့သားသမီးတွေကို ကျောင်းအပ်နှံကြဖို့နဲ့ လူမှုအသိုက်အဝန်းတစ်ခုလုံးကလည်း ပညာရေးကဏ္ဍကို ဝိုင်းဝန်းပံ့ပိုးကူညီကြခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို ပိုမိုတောက်ပအောင် ဖန်တီးလိုက်ကြရအောင်လို့ ပြောကြားလိုပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီးဦးဆန်းဦး မြန်မာနိုင်ငံသစ်တောကျောင်းမှ သင်တန်းသားများအား တွေ့ဆုံ





ပြင်ဦးလွင် မေ ၁၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်း ကျွန်းရတနာခန်းမ၌ အခြေခံသစ်တောပညာ သင်တန်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သစ်တောကျောင်း၏ဆောင်ပုဒ်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်း၊ ဝီရိယ၊ ပညာ၊ ဖွဲ့တို့ဖြင့် ကြိုးစားလိုက်နာဆောင်ရွက်ရန်၊ သစ်တောသစ်ပင်များသည် သက်ရှိသတ္တဝါအားလုံး အသက်ရှင်ရပ်တည်ရန် အထောက်အကူပေးလျက်ရှိသည့်အတွက် ဂရုတစိုက်ကာကွယ်ထိန်းသိမ်းတတ်စေရေး စနစ်တကျ လေ့လာသင်ကြားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ သစ်တောကျောင်းဝင်းအတွင်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် နှစ်ထပ် သင်တန်းသားအိပ်ဆောင်တစ်လုံး၊ နှစ်ထပ်စာသင်ဆောင် တစ်လုံးနှင့် စုဝေးခန်းမတစ်ခုတို့၏ မြေလျာထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မကွေးတက္ကသိုလ်၌ Google Classroom အသုံးပြု သင်ကြားရေးဆိုင်ရာသင်တန်းဖွင့်

မကွေး မေ ၁၇

မကွေးတက္ကသိုလ်ရှိ ဆရာ ဆရာမများ Google Classroom အသုံးပြု၍ အွန်လိုင်းစနစ်ဖြင့် သင်ကြားရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို မကွေးတက္ကသိုလ် သုတေသနဌာနစင်တာခန်းမ၌ မေ ၁၅ ရက် နံနက်ပိုင်းမှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို မကွေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာ တင်အောင်မြင့်က ဦးဆောင်သင်ကြားပေးမည်ဖြစ်ပြီး ဘာသာရပ်ဌာန ၁၅ ခုမှ ဆရာ ဆရာမ နှစ်ဦးစီ တက်ရောက်သင်ယူကြသည်။ သင်တန်းတွင် Google Classroom အသုံးပြု၍ အွန်လိုင်းအတန်းများ ဖန်တီးခြင်း၊ သင်ခန်းစာများနှင့် Assignment များ ပေးပို့စီမံခြင်း၊ အမှတ်ပေးစနစ်များကို စနစ်တကျဆောင်ရွက်ခြင်းစသည့် ဘာသာရပ်များကို လက်တွေ့အသုံးချနိုင်သည်အထိ ပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းကာလကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရေးမြို့နယ်၌ ကျောင်းအပ်နှံနိုင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရေး မေ ၁၇

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းနေအရွယ်ကလေးအားလုံး ရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် နှိုးဆော်ခြင်းကို မေ ၁၆ ရက်က မွန်ပြည်နယ် ရေးမြို့နယ်၌ စတင်ဆောင်ရွက်သည်။



လက်ကမ်းစာစောင်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပညာရေးဌာနမှ တာဝန်ရှိသူများက ရပ်ကွက်အလိုက် လူစည်ကားရာနေရာများ၊ လမ်းဆုံ/ လမ်းခွများနှင့် မြသီတာဈေးတို့၌ ဖြန့်ဝေပေးသည်။

ထို့အတူ ညပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများသည် မြို့တွင်း လူစည်ကားရာ နေရာများ၊ လမ်းဆုံ/လမ်းခွများ၌ အသံချဲ့စက်ဖြင့် ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များတွင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အင်းစိန်ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က ယမန်နေ့ မွန်းလွဲပိုင်းတွင် ရွှေလင်ဗန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ပြုလုပ်သည်။



ဦးစွာ အင်းစိန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်မြင့်က ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဟောပြောခြင်း၊ လှိုင်သာယာ(အနောက်ပိုင်း) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး မြတ်မင်းကိုကိုက ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောတာကလူထူးက ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူပူးပေါင်းပါဝင်ရေး၊ ရွှေလင်ဗန်းစက်မှုဇုန် မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးသိန်းစိုးက မီးအသိ မီးသတိပညာပေးဟောပြောခြင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းသန့်ဇော်က မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်ရေးတို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



## ကြာအင်းဆိပ်ကြီးမြို့၌ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ကြာအင်းဆိပ်ကြီး မေ ၁၇

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၌ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ ပညာသင်ကြားနိုင်ရေး ကျောင်းပတ်ဝန်းကျင်နှင့် ကျောင်းအဆောက်အအုံများ စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၆)ရပ်ကွက် အမက(၃)နှင့် အမက(၆)တို့၌ ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးကို ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကွမ်းခြံကုန်းမြို့နယ်၌ သဘာဝဘေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဝက်ကိုက်ကျေးရွာ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးအောင်မျိုးထွန်းက သဘာဝဘေးကြိုတင်ကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဝက်ကိုက်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဆရာမက အမျိုးသမီးများ မျိုးဆက်ပွားကျန်းမာရေးအကြောင်း၊ ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်ခြင်း၏ အကျိုးဆက်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကြက်ဥ၊ ငှက်ပျောသီး၊ ကုလားပဲနှင့်ဆားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)





## တာမွေမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေး

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟို၏ စီစဉ်မှုဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)တို့ ပူးပေါင်း၍ မေ ၁၄ ရက်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကို အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အမှာစကားပြောကြားပြီး အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ရဲအုပ်ကျော်စွာမြင့်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)



# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် အခြေခံလေကြောင်းလူငယ်သင်တန်းသားများအား တွေ့ဆုံ

မကွေး မေ ၁၇

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီးသွားရောက်ကြမည့် အခြေခံလေကြောင်းလူငယ်သင်တန်းသားများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် အခြေခံလေကြောင်းလူငယ်များအနေဖြင့် နေပြည်တော်သို့ရောက်ရှိစဉ် ဗဟုသုတရရှိစေမည့်နေရာများကို လေ့လာကြရမည်ဖြစ်ကာ ကမ္ဘာတွင်အရေးပါသည့် လေကြောင်းသိပ္ပံပညာရပ်များကို ကြိုးစားသင်ယူကြရန် မှာကြားပြီး ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံလေကြောင်းလူငယ်သင်တန်း (မကွေး)သို့ သင်တန်းသား ၅၀ တက်ရောက်ပြီး ဧပြီ ၂၇ ရက်မှ မေ ၁၅ ရက်အထိ ရက်သတ္တသုံးပတ်ကြာ စခန်းသွင်းသင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကော့သောင်းမြို့ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ကော့သောင်း မေ ၁၇

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ကော့သောင်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ကော့သောင်းမြို့နယ် ၁၀ မိုင်ကျေးရွာအုပ်စု ပါဆယ်ပါညန်းကျေးရွာရှိ Southern Coastline Group Co.,Ltd. ၏ နေရောင်ခြည်စွမ်းအင်သုံး ၁၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွှေပြည်သာဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ ကော့သောင်းမြို့အတွင်း ဖိုးသီးချို (PTC)ကုမ္ပဏီ၏ ဒီဇယ်အင်ဂျင်ဓာတ်အားပေးစက်များနှင့် (SCG)ဆိုလာဓာတ်အားပေးစက်ရုံတို့ ပေါင်းစပ်မောင်းနှင်၍ ဓာတ်အားဖြန့်ဖြူးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# ကျောက်တန်းမြို့နယ်၌ မိုးစပါးမျိုးသန့် မျိုးပွားမျိုးစေ့၊ မျိုးစေ့ချကိရိယာ၊ ပိုက်ဆံလျှော်မျိုးစေ့၊ သဘာဝမြေဩဇာများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ မိုးစပါးမျိုးသန့် မျိုးပွားမျိုးစေ့၊ မျိုးစေ့ချကိရိယာ၊ ပိုက်ဆံလျှော်မျိုးစေ့၊ သဘာဝမြေဩဇာများ ပေးအပ်ပွဲနှင့် ၂၀၂၅ - ၂၀၂၆ ခုနှစ် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသည့် (မော်ဘီ - ၃) နွေစပါးစံကွက်ရိတ်သိမ်းပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီတွင် ညောင်ဝိုင်းကျေးရွာအုပ်စု၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က မိုးစပါးအတွက် စပါးမျိုးသန့်မျိုးပွားမျိုးစေ့ စိုက်ပျိုးမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောက်တန်းမြို့နယ်အတွင်းရှိ တောင်သူများအား မိုးစပါးအတွက် စပါးမျိုးသန့်မျိုးပွားမျိုးစေ့၊ မျိုးစေ့ချကိရိယာ၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် သဘာဝမြေဩဇာများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ထို့နောက် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု တောင်သူ ဦးဆန်းလင်း၏လယ်မြေတွင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသည့် (မော်ဘီ - ၃) နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို ကြည့်ရှုအားပေးပြီး တစ်ဧကလျှင် အစို ၁၁၄ ဒသမ ၂ တင်း၊ အခြောက် ၁၁၂ ဒသမ ၂ တင်းထွက်ရှိကြောင်း သိရသည်။

သန့်ဇင်ထွန်း(ကျောက်တန်း)

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် ပညာရပ်ဆိုင်ရာဆွေးနွေးဟောပြောပွဲများ ကျင်းပ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်အဖြစ် ကျင်းပလျက်ရှိသည့် Build Smart and Biggest Myanmar Production ကုန်စည်ပြပွဲအခမ်းအနားတွင် "Enginee-ring Technology& Construction Industry Developments Past, Present & Future"ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောပွဲများကို ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC)၌ ကျင်းပသည်။



ဆွေးနွေးဟောပြောပွဲ၌ မေ ၁၅ ရက်တွင် ဆရာ ဦးစောထွေးဇော်က "Engineering Technology & Construction Industry Developments Past, Present & Future" ခေါင်းစဉ်ဖြင့် ဟောပြောပြီး မေ ၁၆ ရက်တွင် အိမ်ခြံမြေအကြောင်း သိကောင်းစရာများကို မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းကလည်းကောင်း ဟောပြောပို့ချကြသည်။

မေ ၁၇ ရက်တွင် "Geotechnical Engineering Property Roads" ခေါင်းစဉ်ဖြင့် ဆရာဦးညွန့်ဦးနှင့် "Developing Future – ready Skills in Myanmar Construction Sector"ခေါင်းစဉ်ဖြင့် ဆရာမ ဒေါ်ခင်မာအေးတို့က ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

# မြောင်းမြမြို့၌ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းတူးဖော်ခြင်းဆောင်ရွက်

မြောင်းမြ မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ မိုးတွင်းကာလ ရေကြီး၊ ရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက ပူးပေါင်း၍ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် တာဝန်ရှိသူများက နဝရတ်လမ်းမကြီးနှင့် အထက(၃)ကျောင်းရှေ့ရှိ တြိဂံချောမြေယာရှုခင်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ရေမြောင်းများတွင် ရေကြီး၊ ရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် စက်ယန္တရားများဖြင့် တူးဖော်ခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူခြင်း၊ စုပေါင်း၍ သန့်ရှင်းရေးများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ဇေယျာ(ပြန်/ဆက်)

# ရန်ကင်းမြို့နယ်၌ သားဆက်ခြားနည်းလမ်းများအကြောင်း အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ ကျိုက္ကဆံရဲရိပ်သာဝင်းအတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ကျိုက္ကဆံရဲရိပ်သာ) သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်များ၊ အမျိုးသမီးများအား သားဆက်ခြားနည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာကျော်ဇင်ဦးက ကိုယ်ဝန်ဆောင်မိခင်များ၊ အမျိုးသမီးများအား သားဆက်ခြားနည်းလမ်းများအကြောင်း အသိပညာပေးဟောပြောပေးပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အမျိုးသမီးများအား ငှက်ပျောသီး၊ ကြက်ဥ၊ အိုင်အိုဒင်းဆားနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ လှလှထွေး(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) ဘားအံဇုန်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အသင်းများအား ကြိုဆို

**ဘားအံ မေ ၁၇**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (က) ဘားအံဇုန်ပွဲစဉ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဘောလုံးအသင်းများအား ကြိုဆိုသည့်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများအား ပြိုင်ပွဲဝင် အားကစားအသင်းများက မိတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အားကစားအသင်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။



အဆိုပါဘောလုံးပြိုင်ပွဲ အုပ်စု(က) ဘားအံဇုန် အုပ်စုပတ်လည်ပွဲစဉ်များကို ဇွဲကပင်အားကစားကွင်းကြီး၌ မေ ၁၉ ရက်မှ ၂၆ ရက်အထိ ကရင်ပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ပါဝင်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)ဘားအံဇုန်၏ အဖွင့်ပွဲစဉ်အဖြစ် မေ ၁၉ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မေ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ မေ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ မေ ၂၃ ရက်တွင် ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မေ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မေ ၂၆ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် အုပ်စုပွဲစဉ်အပြီး ရှုံးထွက်ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

**❂ ကျောဖုံးမှ**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြိုင်ပွဲအမျိုးအစား(Event) ၁၂ မျိုးတွင် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Men’s Bodybuilding 75kg ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ မောင်မောင်မြင့်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့်တတိယဆုကို မြန်မာအသင်းမှ စတီဗင်စိုးထွန်းတို့ကလည်းကောင်း၊ Men’s Bodybuilding 80kg ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ချမ်းမြေ့ထွန်း၊ ဒုတိယဆုနှင့် တတိယဆုကို ဖိလစ်ပိုင်နှင့် ဗီယက်နမ်အသင်းတို့မှ အားကစားသမားများက လည်းကောင်း၊ Men’s Bodybuilding Over 80kg ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ အောင်ခိုင်ဝင်းတို့က လည်းကောင်း ရရှိကြသည်။

Men’s Athletic Physique Up to 160 cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ဟိန်းထက်ဇော်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ရဲထက်နိုင်တို့က လည်းကောင်း၊ Men’s Athletic Physique Up to 167cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ ဝေလင်းကျော်၊ ဒုတိယဆုကို မလေးရှားအသင်းမှ အားကစားသမားနှင့် တတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားတို့က လည်းကောင်း၊ Men’s Athletic Physique Over 167 cm ပြိုင်ပွဲတွင် ပထမဆုကို ထိုင်းအသင်းမှ အားကစားသမား၊ ဒုတိယဆုနှင့် တတိယဆုကို မလေးရှားအသင်းမှ အားကစားသမားတို့က လည်းကောင်း၊ Women’s Ahtletic Physique up to 160cm ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်းမှ အားကစားသမား၊ ဒုတိယဆုကို မြန်မာအသင်းမှ မိုးသက်ခိုင်နှင့် တတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားတို့က လည်းကောင်း၊ Women’s Athletic Physique Over 160cm ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မလေးရှားအသင်းမှ အားကစားသမားတို့က လည်းကောင်း ရရှိကြသည်။

Women’s Model Physique up to 160cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ မီမီကျော်နိုင်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကိုထိုင်းအသင်းမှအားကစားသမားတို့ကလည်းကောင်း၊ Women’s Model Physique up to 165cm ပြိုင်ပွဲတွင်ပထမဆုကိုထိုင်းအသင်းမှ အားကစားသမား၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ထူးမြတ်ဝေတို့ကလည်းကောင်း၊ Women’s Model Physique Over 165cm ပြိုင်ပွဲတွင် ပထမဆုကိုဗီယက်နမ်အသင်းမှ အားကစားသမား၊ ဒုတိယဆုကို ထိုင်းအသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ဝင်းသော်တာအောင်တို့က လည်းကောင်း ရရှိကြသည်။

Mixed Pairs ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်း၊ ဒုတိယဆုကို ဗီယက်နမ်အသင်းနှင့် တတိယဆုကို မြန်မာအသင်းမှ ဝေလင်းကျော်နှင့် လဲ့ရည်ထွန်းတို့ကလည်းကောင်း၊ Men’s Team Championship ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် တံခွန်စိုက် ပထမဆုကို မြန်မာနိုင်ငံ၊ ဒုတိယဆုကို ဗီယက်နမ်နိုင်ငံနှင့် တတိယဆုကို ထိုင်းနိုင်ငံတို့က လည်းကောင်း၊ Women’s Team Championship ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုတွင် ပထမ ဗီယက်နမ်နိုင်ငံ၊ ဒုတိယ မြန်မာနိုင်ငံနှင့် တတိယထိုင်းနိုင်ငံကလည်းကောင်း၊ Overall Championship Mr. south East Asia 2026 ကာယဗလမောင်ဆုကို မြန်မာနိုင်ငံမှ ချမ်းမြေ့ထွန်းကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။



ထို့နောက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား အားကစားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Datuk Paul Chua နှင့် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် Trophy တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

အကြိမ် (၂၀)မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မေ ၁၄ ရက်မှ ၁၇ ရက်အထိကျင်းပခဲ့ရာ ယနေ့ပြိုင်ပွဲများအပြီးတွင် မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ကိုးခု စုစုပေါင်းဆုတံဆိပ် ၂၅ ခု တို့ကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၁) ကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပန်ကြပ်ဆီလတ်နည်းပြသင်တန်းဆင်းပွဲ ကျင်းပ




**ရန်ကုန် မေ ၁၇**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလတ်နည်းပြသင်တန်းဆင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ မေ ၁၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ပန်ကြပ်ဆီလတ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲမြင့်၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၇ ရက်မှ မေ ၁၅ ရက်အထိ သင်ကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထက်**

---

## ရွှေဘိုမြို့နယ် ဘုတ်ကုန်းကျေးရွာ၌ ကျွဲ၊ နွားများအား ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ရွှေဘို မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဘုတ်ကုန်းကျေးရွာ၌ ရက်(၁၀၀)စီမံချက် ကာလအတွင်း တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် မွေးမြူရေး အသိပညာပေးခြင်း၊ ကျွဲ၊ နွားများအား ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကို မေ ၁၇ ရက်က ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာ၌ ရွှေဘိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာထွေးထွေးမွန်၏ ကြီးကြပ်မှုဖြင့် မြို့နယ် မွေးမြူရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ မော်မြင့်ဦးနှင့် ဝန်ထမ်းများက ဘုတ်ကုန်းကျေးရွာရှိ ကျွဲ၊ နွား ကောင်ရေ ၃၀၀ ကျော်အား ထောင့်သန်းရောဂါ ကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးသည်။ ထို့နောက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ကျွဲ၊ နွား မွေးမြူသူများအား တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများနှင့် နေကြာသီးနှံ အထွက်တိုးစေရန် အတွက် ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်စေရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ထွန်းခိုင်(ပြန်/ဆက်)**

# ရက်ပေါင်း ၁၀၀ အတွင်း စက်ကိရိယာချေးငွေတိုးမြှင့်ချေးရေး ရှင်းလင်းပြောကြား

**မန္တလေး မေ ၁၇**

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဒေသကြီး ဘဏ်ခွဲမှ ကြီးမှူးကျင်းပသော စက်ကိရိယာ ချေးငွေတိုးမြှင့် ထုတ်ချေးရေး အခမ်းအနားကို မေ ၁၆ ရက်က အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေး တိုင်းဒေသကြီးဘဏ်ခွဲ တိုင်းဒေသကြီးမန်နေဂျာ ဦးသက်ဦးက စက်ကိရိယာချေးငွေ တိုးမြှင့်ထုတ်ချေးရေးနှင့် ပတ်သက်၍ လယ်ယာသုံးစက်ကိရိယာ ချေးငွေ ထုတ်ချေးရေး အစီအစဉ်သစ်အား မေလဆန်းမှစတင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ချေးငွေအမျိုးအစား၊ ချေးငွေပမာဏနှင့် ချေးငွေသက်တမ်း အမျိုးအစားလေးမျိုး သတ်မှတ်ထားပြီး ကျပ်သိန်း ၁၀၀ မှ ကျပ်သိန်း ၅၀၀ အထိ နှစ်ချင်းဆပ်ချေးငွေ ပေးဆပ်ကာလ တစ်နှစ်၊ ကျပ် ၅၀၁ သိန်းမှ ကျပ်သိန်း ၁၀၀၀ အထိ နှစ်တိုချေးငွေ ပေးဆပ်ကာလ သုံးနှစ်၊ ကျပ် ၁၀၀၁ သိန်းမှ ကျပ်သိန်း ၃၀၀၀ အထိ နှစ်ရှည်ချေးငွေ ပေးဆပ်ကာလ ငါးနှစ်၊ ကျပ် ၃၀၀၁ သိန်းမှ ကျပ်သိန်း ၅၀၀၀ အထိ နှစ်ရှည်ချေးငွေ ပေးဆပ်ကာလ ငါးနှစ်တို့ဖြစ်ပြီး ချေးငွေအတိုးနှုန်းတစ်နှစ်ကို ၆ ရာခိုင်နှုန်းဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**




# မင်းဘူး(စကု)မြို့နယ်၌ ပန်းတိုင်အထွက်နှုန်း တိုးတက်စေရေး သီးနှံမျိုးစေ့များပေးအပ်

**မင်းဘူး မေ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ စိုက်ပျိုးလျက်ရှိသော အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းတိုးတက်စေရေး သီးနှံမျိုးစေ့များ ပေးအပ်ပွဲကို မေ ၁၅ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးလင်းက သီးနှံမျိုးစေ့များပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တာဝန်ရှိသူများက တောင်သူများအတွက် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ချည်မျှင်ရှည်ဝါသီးနှံနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာပြုလုပ်မည့် ပိုက်ဆံလျှော်သီးနှံမျိုးစေ့များအပြင် မြို့နယ်အတွင်း စမ်းသပ်စိုက်ပျိုးမည့် မြေနိမ့်ကော်ဖီပျိုးပင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# တိုက်ကြီးမြို့နယ်၌ သဘာဝမြေဩဇာ ထုတ်လုပ်အသုံးပြုနည်း သရုပ်ပြ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနက သဘာဝမြေဩဇာပြုလုပ်သည့်ကန်တွင် ပြောင်းဖူးရိုး၊ ဗေဒါနှင့် နွားချေးတို့အား ကုန်ကြမ်းအဖြစ် စုဆောင်းထားရှိပြီး သဘာဝမြေဩဇာ ထုတ်လုပ်သည့်နည်းပညာကို တောင်သူများအား ပညာပေးသရုပ်ပြသခြင်းကို ယမန်နေ့က တိုက်ကြီးမြို့ အမှတ်(၇၇) စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းငွေက ကာဗွန်နှင့်နိုက်ထရိုဂျင်အခြေခံသည့် ပါဝင်ပစ္စည်းကုန်ကြမ်းများကို သင့်တော်သောအချိုးအစားဖြင့် အလွှာအလိုက်ထည့်သွင်းနိုင်ရေး၊ မြေဆွေးပုံအတွင်းရှိ အကျိုးပြုပိုးမွှားများ ကောင်းစွာရှင်သန်နိုင်စေရေးအတွက် အောက်ဆီဂျင်နှင့် အစိုဓာတ်များ မျှတစွာရရှိအောင် လေသွင်းပိုက်လိုင်းများ Blower များဖြင့်တည်ဆောက်ထားသော စနစ်တစ်ခုဖြစ်ကြောင်း ပြောကြားပြီး သဘာဝမြေဩဇာထုတ်လုပ်သည့် နည်းပညာကို တောင်သူများအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မိတ္ထီလာမြို့နယ်၌ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေး သင်တန်းဖွင့်လှစ်

**မိတ္ထီလာ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် ဝါစိုက်တောင်သူများ ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူနည်းပညာပေးသင်တန်းကို မေ ၁၅ ရက်က ကဖြူကျေးရွာအုပ်စု သပြေပင်ကျေးရွာ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်မျိုးဝေက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပန်းတော်ဆက်စိုက်ပျိုးရေးခြံမှ ခြံတာဝန်ခံ ဦးစီးအရာရှိ ဒေါ်သန်းနွယ်ဌေးက ပြည်ပပို့ကုန်သီးနှံဖြစ်သော ဝါမျိုးများ စနစ်တကျစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာအကြောင်းကို ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်သင်းမြတ်ခိုင်က သီးနှံများ ပိုးမွှားကာကွယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းကို သပြေပင်ကျေးရွာမှ ဝါစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ကျိုင်းတုံမြို့၌ နွေစပါးစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကျိုင်းတုံ မေ ၁၇**

သမဝါယမဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာရှိ မိုင်းဇင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် နွေစပါးစိုက်ခင်းကို မေ ၁၇ ရက်တွင် ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် သမဝါယမကဏ္ဍမှ ရက်(၁၀၀) စီမံချက်ဖြင့် နွေစပါးစိုက်ပျိုးရာတွင် စနစ်ကျသောစိုက်ပျိုးရေးဖြစ်စေရန်နှင့် သွင်းအားစုများသတ်မှတ်ရက်အတိုင်း အချိန်ကိုက်ကျွေးရန် လိုအပ်ကြောင်း ငွေကြေးအရင်းအနှီးများရရှိရေးအတွက်လည်း သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးခဲ့ကြောင်းနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

# ပင်းတယမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ပေးအပ်

**ပင်းတယ မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့၌ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရုံး အစည်းအဝေးခန်းမ(၁)၌ မေ ၁၄ ရက်က ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင်(စီးပွား/ဘဏ္ဍာ)ဦးဟိန်းထက်ဇော်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ကြသည်။



အဆိုပါစိုက်ပျိုးစရိတ်ချေးငွေမှာ တစ်ကေလျှင် ကျပ်သုံးသိန်းနှုန်းဖြင့် တောင်သူစုစုပေါင်း ၁၄၅၁ ဦးအတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

# ဗိုလ်တထောင်မြို့နယ်၌ ဥပဒေအသိပညာပေးရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ဥပဒေအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၄ )ရပ်ကွက် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းထိုက်က ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဇော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်မောင်က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မိုးကျော်က လွှတ်တော်ဥပဒေဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များမေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။



**ခင်ဝင်း(ပြန်/ဆက်)**

# ရွှေဘိုပေါ်ဆန်း အရည်အသွေးထိန်းသိမ်းခြင်းဖြင့် မြန်မာ့ပေါ်ဆန်း တစ်ခေတ်ဆန်းစေရမည်

ဇာဇာမင်း(ရွှေဘို)

**❝ ရွှေဘိုဒေသသည် ရွှေဘိုပေါ်ဆန်းစပါးကို မစိုက်မီကာလများက မနော်ဟရီ၊ မနောသုခ၊ ဆင်းသိင်္ဂီ စသည့်စပါးမျိုးများကို စိုက်ပျိုးခဲ့ကြပြီး အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရရှိသည့်အတွက် တောင်သူများ၏ဝင်ငွေ အကျိုးအမြတ်ရရှိမှု နည်းပါးခဲ့ပါသည်။ ရွှေဘိုပေါ်ဆန်း စတင်စမ်းသပ်စိုက်ပျိုးရာမှသည် တစ်စတစ်စ တိုးချဲ့စိုက်ပျိုးလာသည့်အတွက် ယခုအချိန်၌ ဆည်ရေသောက်ဧရိယာ၏ ၉၀ ရာခိုင်နှုန်းက ရွှေဘိုပေါ်ဆန်းစပါးကို စိုက်ပျိုးနေကြပြီဖြစ်သည်။ ပေါ်ဆန်းစပါး ဈေးကွက်ကောင်းရရှိနေမှုကြောင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြား၌လည်း တိုးချဲ့စိုက်ပျိုးနေကြကြောင်းသိရ ❞**

အမိမြန်မာနိုင်ငံတော်၏ စီးပွားရေးကဏ္ဍသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိက စိုက်ပျိုးထုတ်လုပ်သော နိုင်ငံဖြစ်သည်နှင့်အမျှ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအားလုံးက အဓိက အစားအစာအဖြစ် ဆန်စပါးကို နေ့စဉ်စားသုံးကြပါသည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏အဓိကကျသော စားသုံးကုန်သီးနှံဖြစ်သကဲ့သို့ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်သော မဟာဗျူဟာမြောက်သည့် စိုက်ပျိုးရေးထွက်ကုန်တစ်ခုလည်း ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးရှိ သီးနှံစိုက်ပျိုးဧရိယာအားလုံး၏ ၃၄ ရာခိုင်နှုန်း၊ စိုက်ဧကအားဖြင့် ဧက ၁၇ သန်း ဝန်းကျင်၊ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စိုက်ပျိုးထွက်ရှိမှု၏ ၈၀ ရာခိုင်နှုန်းသည် ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ရာတွင် အသုံးပြုကာ ကျန်ရှိသော ၂၀ ရာခိုင်နှုန်းသည် ပြည်ပသို့ နှစ်စဉ်တင်ပို့နေခြင်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ တတိယ စပါးကျီတစ်ခုဖြစ်သကဲ့သို့ ရွှေဘိုခရိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး၏ ပထမစပါးကျီအဖြစ် ရပ်တည်နေသည်နှင့်အမျှ စပါးသီးနှံကိုအဓိကထား စိုက်ပျိုးလျက်ရှိပြီး မိုးစပါးကို နှစ်စဉ်ဧက သုံးသိန်းကျော် စိုက်ပျိုးထုတ်လုပ်သည်။ ရွှေဘိုပေါ်ဆန်းစပါးကို ဧက နှစ်သိန်းကျော် စိုက်ပျိုးလျက်ရှိပါသည်။

### ပေါ်ဆန်းစပါးမျိုး ရွှေဘိုဒေသ ရောက်ရှိ

ပေါ်ဆန်းစပါးမျိုးကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ရွှေဘိုမြို့နယ် သီးလုံးကျေးရွာမှတောင်သူ ဦးထွန်းရီ၊ ဒေါ်ကြည်ညွန့်တို့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဖုံလုံကျေးရွာသို့ သွားရောက်၍ လေ့လာပြီး ယူဆောင်ခဲ့ပြီး စတင်စမ်းသပ်စိုက်ပျိုးခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် ပေါ်ဆန်းစပါးမျိုးသည် ရေ၊ မြေဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းကာ ဆန်အရည်အသွေးနှင့် စားသုံးမှုကောင်းခြင်းကြောင့် လူကြိုက်များလာခဲ့ပြီး ဒေသတောင်သူများ အချင်းချင်းမျိုးဖလှယ်၍ တစ်စတစ်စ ပိုမိုများပြားစိုက်ပျိုးလာကြသည်။

၂၀၀၃ ခုနှစ်တွင် ရွှေဘိုဒေသမှ မိုးကုတ်ဒေသသို့ တင်ပို့ရောင်းချခြင်းဖြင့် ဈေးကွက်စတင်ဖြစ်ထွန်းလာခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ချီပါမျိုးသန့်ခြံ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ပေါ်ဆန်းစပါးမျိုး တင်း ၆၀ ရယူမျိုးပွားခဲ့ခြင်း၊ ၂၀၀၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး သရောင်းချောင်း မျိုးသန့်ခြံမှ စပါးမျိုးတင်း ၁၅၀ ရယူမျိုးပွားခဲ့ခြင်း၊ ဖျာပုံမြို့နယ် အောက်ကွင်းကြီးစိုက်ကွင်းမှ ၁၅ တင်း ရယူမျိုးပွားခဲ့ခြင်းတို့ကြောင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးလာကြပြီး အကျိုးဆောင် တောင်သူများဖြင့် မျိုးသန့်ပွားများရေး ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်မှစတင်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မျိုးများ မှာယူခဲ့ပြီး ချီပါမျိုးသန့်ခြံ၌ နှစ်စဉ်ရွှေဘိုပေါ်ဆန်းစပါး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးခြင်းဖြင့် ယခုအချိန်တွင် ရွှေဘိုခရိုင်အတွင်း ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ဧရိယာ အများဆုံး တိုးချဲ့စိုက်ပျိုးထုတ်လုပ်နေသည်ကို မြင်တွေ့နေရပြီဖြစ်ပါသည်။

### မျိုးသန့်စိုက်ပျိုးထုတ်လုပ်ပွားများမှု

ရွှေဘိုမြို့နယ် သီးလုံးကျေးရွာ၌ စတင်စမ်းသပ်စိုက်ပျိုးရာမှ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာခဲ့သော ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ခရိုင်အတွင်းမှ မျိုးသန့်ခြံများ၊ မျိုးစေ့ထုတ်လုပ်သူအသင်းများ၊ ပုဂ္ဂလိက မျိုးစေ့ထုတ်ကုမ္ပဏီများ၊ အကျိုးဆောင်တောင်သူများ၊ တောင်သူအချင်းချင်း မျိုးဖလှယ်မှု စသည့် နည်းလမ်းမျိုးစုံဖြင့် မျိုးသန့် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ပြီး ယခုအချိန်၌ ရွှေဘိုပေါ်ဆန်းစပါး အရည်အသွေးကောင်းမှ ဈေးကောင်းရရှိမည်ဖြစ်သည့်အတွက် တောင်သူများကိုယ်တိုင် စိတ်ပါဝင်စားစွာ မျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းကို လုပ်ကိုင်လာကြပြီဖြစ်သောကြောင့် ရွှေဘိုတစ်ခရိုင်လုံးရှိ ရွှေဘိုပေါ်ဆန်း စိုက်ဧရိယာ၏ ၈၀ ရာခိုင်နှုန်းသည် မျိုးသန့် လွှမ်းခြုံနေပြီ ဖြစ်သည်။

ရွှေဘိုဒေသသည် ရွှေဘိုပေါ်ဆန်းစပါးကို မစိုက်မီကာလများက မနော်ဟရီ၊ မနောသုခ၊ ဆင်းသိင်္ဂီ စသည့်စပါးမျိုးများကို စိုက်ပျိုးခဲ့ကြပြီး အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရရှိသည့်အတွက် တောင်သူများ၏ဝင်ငွေအကျိုးအမြတ်ရရှိမှု နည်းပါးခဲ့ပါသည်။ ရွှေဘိုပေါ်ဆန်း စတင်စမ်းသပ်စိုက်ပျိုးရာမှသည် တစ်စတစ်စ တိုးချဲ့စိုက်ပျိုးလာသည့်အတွက် ယခုအချိန်၌ ဆည်ရေသောက်ဧရိယာ၏ ၉၀ ရာခိုင်နှုန်းက ရွှေဘိုပေါ်ဆန်းစပါးကို စိုက်ပျိုးနေကြပြီဖြစ်သည်။ ပေါ်ဆန်းစပါး ဈေးကွက်ကောင်းရရှိနေမှုကြောင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြား၌လည်း တိုးချဲ့စိုက်ပျိုးနေကြကြောင်း သိရသည်။

### အထွက်နှုန်းကောင်း

ရွှေဘိုပေါ်ဆန်းစပါးမျိုးသည် ရာသီစပါးဖြစ်သည့်အတွက် စိုက်ချိန်ကွာခြားသော်လည်း ရိတ်သိမ်းချိန် လွန်စွာမကွာခြားသော စပါးမျိုးများ ဖြစ်သည်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်တိုးနည်းပညာများကို စနစ်တကျ လိုက်နာဆောင်ရွက်ကြရန်လိုအပ်သည်။ ရွှေဘိုပေါ်ဆန်းစပါး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းရရှိရေးအတွက် လိုက်နာကျင့်သုံးရန်လည်း စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်လျက်ရှိသည်။ ရွှေဘိုခရိုင်သည် မိုးစပါး၊ နွေစပါး နှစ်စဉ်ဆက်တိုက် စိုက်ပျိုးကာ စပါးဆစ်ပိုးကာကွယ်နှိမ်နင်းရေးလုပ်ငန်းကိုလည်း အလေးထားလိုက်နာဆောင်ရွက်ကြသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူလယ်သမားများပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့ကာလ၌ ရွှေဘိုပေါ်ဆန်းစပါးသည် ဆစ်ပိုးကင်းလွတ်၍ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း ရရှိနေပြီဖြစ်သည်။

ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက အထွက်တိုးနည်းလမ်းများဖြစ်သည့် မျိုးကောင်းမျိုးသန့်စပါးကို အသုံးပြုစိုက်ပျိုးခြင်း၊ သက်တမ်းငါးလမကျော်အောင် စိုက်ပျိုးခြင်း၊ သတ်မှတ်ကောက်ကွက် ပြည့်မီအောင် အထူးဂရုပြု စိုက်ပျိုးခြင်း၊ ပျိုးသက်မှန်၊ လက်ဆမှန်စိုက်ပျိုးခြင်းများအပြင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျထည့်သွင်းအသုံးပြုခြင်းဟူသည့် နည်းလမ်း ၅ ချက်ကို စနစ်တကျလိုက်နာကျင့်သုံးဆောင်ရွက်သကဲ့သို့ အရည်အသွေးကောင်းမွန်ပြီး မွှေးရနံ့ဖြစ်ပေါ်စေသော ဗီဇ(aroma) ကို လွှမ်းမိုးထားသောအချက်များဖြစ်သည့် နေ့ညအပူချိန်ကွာဟချက်ဖြစ်ပေါ်ချိန်တွင် ပန်းပွင့်စေရန် စိုက်ပျိုးချိန်ကို ချိန်ညှိစိုက်ပျိုးခြင်း၊ ရေသွင်းရေထုတ်စနစ်တကျ မှန်ကန်မြန်ဆန်စွာပြုလုပ်ခြင်းဖြင့် မြေချဉ်ငန်ကိန်းကို ထိန်းညှိခြင်း၊ ရိတ်သိမ်းခြွေလှေ့ပြီး စပါးများကို မွှေးရနံ့ဗီဇပျံ့လွင့်မှုမရှိစေရန် နေရောင်တွင် တိုက်ရိုက်နေလှန်းအခြောက်ခံခြင်းကို မပြုလုပ်စေဘဲ အခြောက်ခံစက်များတွင် အခြောက်ခံပြီးမှသာ ကြိတ်ခွဲရမည်ဖြစ်ပါသည်။ အဆိုပါ မွှေးရနံ့ဗီဇကို လွှမ်းမိုးသော အချက်များသိရှိပြီး လိုက်နာဆောင်ရွက်မှုကြောင့် ယခုကဲ့သို့ အရည်အသွေးကောင်း ဆန်များရရှိသည့်အပြင် ဓာတ်မြေဩဇာများကို အချိန်ကိုက်၊ အချိုးကျ၊ မှန်ကန်စွာ အသုံးပြုခြင်း၊ အခြောက်ခံစက်များတွင် စနစ်တကျ အခြောက်ခံ ကြိတ်ခွဲခြင်း၊ မွှေးရနံ့ဗီဇဖြစ်ပေါ်မှုထိန်းသိမ်းနိုင်ခြင်း စသည့်အချက်များကြောင့် ရွှေဘိုပေါ်ဆန်းဆန်ချက်ပြုတ်ရာတွင် ထမင်းသည် ထမင်းအလျား ရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းပြီး စားကောင်းခြင်း၊ အနံ့မွှေးခြင်းတို့ကြောင့် စားသုံးသူပြည်သူများ ကြိုက်နှစ်သက်မှုများပြားလာပြီး ဈေးကွက်ရရှိလာခြင်းဖြစ်သည်။

### ရွှေဘိုပေါ်ဆန်းဆန် အရည်အသွေး

ရွှေဘိုပေါ်ဆန်းစပါးမျိုးသည် ရွှေဘိုဒေသ၏ ရေမြေဒေသနှင့်ကိုက်ညီမှုရှိသည့်အပြင် ဆည်ရေနှင့်စိုက်ပျိုးရခြင်း၊ နေရောင်ခြည်ရရှိမှုများခြင်းတို့ကြောင့် အနံ့မွှေး၍ နူးညံ့ပျော့ပျောင်းပြီး စားသုံးမှုအရည်အသွေးကောင်းမွန်ခြင်း၊ အစိုမပြန် အစေးမပေါက်ခြင်းနှင့် အိုးတက်ခြင်း စသည့် ထူးခြားကောင်းမွန်မှုတို့ကြောင့် ဈေးကွက်ခိုင်မာလျက်ရှိနေပြီး ရွှေဘိုဒေသ တောင်သူများ၏အဓိကအားထားရာ စပါးအဖြစ် ရပ်တည်လျက်ရှိပါသည်။

ရွှေဘိုပေါ်ဆန်းဆန် အရည်အသွေးကောင်းရရှိရန် အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်လှသည်။ ဓာတုပိုးသတ်ဆေးများသုံးစွဲမှုကို လျှော့ချပြီး စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။

ရွှေဘိုပေါ်ဆန်း မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးသည့် စိုက်ခင်းများမှထွက်ရှိသည့် စပါးမျိုးများက အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဆန်ထွက်ရာခိုင်နှုန်းကောင်းမွန်ခြင်း၊ ဆန်ရည်ဆန်သွေးကောင်းမွန်ခြင်းတို့ကြောင့် ဈေးကွက်ပိုမိုရရှိသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ တောင်သူလယ်သမားများနှင့် ဆန်စက်လုပ်ငန်းရှင်များပူးပေါင်း၍ ဆန်အရည်အသွေးမြှင့်တင်ရေးအတွက် မျိုးကောင်းမျိုးသန့် ပိုမိုသုံးစွဲနိုင်ရေးကိုလည်း ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သလို ရွှေဘိုပေါ်ဆန်းဆန်အရည်အသွေးကောင်းရရှိရေး အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်သည်။

ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုပေါ်ဆန်းစပါးများကို ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းခြွေလှေ့ပြီး စက်ရုံများရှိ အခြောက်ခံစက်များတွင် အခြောက်ခံပြီးနောက် အဆင့်မြင့်ဆန်စက်ကြီးများတွင် ကြိတ်ခွဲခြင်းကို ဆောင်ရွက်ပါသည်။ အဆင့်မြင့်ဆန်စက်ကြီးများမှ ကြိတ်ခွဲပြီးဆန်များကို အရည်အသွေး ပိုမိုကောင်းမွန်စေရန်အတွက် ဆန်ရွေးစက် (Color Sorter)တွင် ရွေးချယ်၍ ရွှေဘိုပေါ်ဆန်းဆန်ကို အိုးဝင်ထူးထူးရှယ်၊ ဆန်လတ်ကြီး၊ ဆန်လုံး(အသေး)၊ ဆန်ကျော်၊ ဆန်လတ်(အသေး)နှင့် စွန့်သန့်ဆန်များကို ရရှိသည်။

ရရှိလာသော ဆန်ထွက်ပစ္စည်းများအနက် အိုးဝင်ထူးထူးရှယ်များကို တစ်ကီလိုအိတ်၊ နှစ်ကီလိုအိတ်၊ သုံးကီလိုအိတ်၊ ခြောက်ကီလိုအိတ်၊ ၁၂ ကီလိုအိတ်၊ ၂၄ ကီလိုအိတ်နှင့် ၄၈ ကီလိုအိတ် စသည့်အရွယ်အစားအမျိုးမျိုးဖြင့် ထုပ်ပိုးပြီး မြန်မာပြည်အနှံ့ ဈေးကွက်များနှင့် စူပါမားကတ်များသို့ ပို့ဆောင်ဖြန့်ဖြူးရောင်းချပေးနေပါသည်။ ရွှေဘိုပေါ်ဆန်းဆန်၏ ဈေးကွက်ခိုင်မာမှုကြောင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင်လည်း တိုးချဲ့စိုက်ပျိုးကြရန် အလားအလာကောင်းများ ရှိနေပါသည်။

### အရည်အသွေးဆက်လက်ထိန်း

ရွှေဘိုပေါ်ဆန်းစပါးနှင့်ဆန်များ၏ ထူးခြားကောင်းမွန်သည့်လက္ခဏာနှင့် အရည်အသွေးသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသောကြောင့် စပါးအထွက်နှုန်းကောင်းခြင်း၊ ဆန်ရည်ဆန်သွေးကောင်းမွန်ခြင်း၊ စပါးစေ့ကြွေကျမှုနည်းသည့်အတွက် လေလွင့်ဆုံးရှုံးမှုသက်သာခြင်း၊ ဆန်ကိုချက်ပြုတ်ရာတွင် အမြင်လှပပြီး ထမင်းအလျားရှည်သွယ်ခြင်း၊ အိုးတက်ခြင်း၊ နူးညံ့ပျော့ပျောင်းပြီး စားကောင်းခြင်း၊ အနံ့မွှေးခြင်း၊ ဈေးကွက်ခိုင်မာခြင်းတို့ကြောင့် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဆန်စပါးညီလာခံတွင် "ကမ္ဘာ့အကောင်းဆုံးဆန်" World Best Rice အဖြစ် ရွေးချယ်သတ်မှတ်ခံရပါသည်။

ထို့အတွက် ရွှေဘိုပေါ်ဆန်းဆန်သည် လူသိများဈေးကွက်ဝင်ခဲ့ပါသည်။ ရွှေဘိုပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်ရာတွင်လည်း မျိုးကောင်းမျိုးသန့်မျိုးစေ့များကို အသုံးပြုပြီး မှန်ကန်သော စိုက်နည်းစနစ်များ၊ သွင်းအားစုများ စနစ်တကျအသုံးပြုစိုက်ပျိုးပြီး အထွက်နှုန်းကောင်းသည့်အပြင် အရည်အသွေးပါကောင်းမွန်သည့် စပါးများရရှိရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)စနစ်ကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ရွှေဘိုခရိုင်တွင် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များနှင့် ဖွဲ့စည်းထားရှိပြီး ရွှေဘိုပေါ်ဆန်းဆန် (ဒေသဆိုင်ရာ အညွှန်း Geographical Indication –GI)ရရှိရေး လုပ်ငန်းစဉ်များ ပြင်ဆင်ဆောင်ရွက်နေခြင်းသည် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး GI ရရှိရန်ကိုလည်း အထူးအလေးထား ဆက်လက်ကြိုးပမ်းဆောင်ရွက်နေပါသည်။

နိုင်ငံတော်အစိုးရက ပေါ်ဆန်းစပါး စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာ့ပေါ်ဆန်းဆန်အဖြစ် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်တင်ပို့ ရောင်းချနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် လုပ်ငန်းကွင်းဆက်တစ်လျှောက်လုံးတွင် ပါဝင်ဆောင်ရွက်နေသော တောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆက်စပ်ဌာနဆိုင်ရာများအားလုံး မြန်မာ့ပေါ်ဆန်းအဖြစ် တစ်ခေတ်ဆန်းစေရန်အတွက် အရည်အသွေး ဆက်လက်ထိန်းသိမ်းရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## မြဝတီမြို့၌ ကျောင်းအပ်နှံရေး လက်ကမ်းစာစောင်များဖြန့်ဝေ



မြဝတီ မေ ၁၇

ကရင်ပြည်နယ် မြဝတီမြို့၌ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းနေအရွယ် လူငယ်၊ လူရွယ်များ စာသင်ကြားကြစေရန်နှင့် စာသင်ခန်းတွင်ပျော်ရွှင်စွာဖြင့် ပညာသင်ကြားကြစေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် စုရပ်အလိုက် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**ဖြန့်ဝေ**

ထိုသို့ ဖြန့်ဝေရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အမှတ်(၁)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၊ အမှတ်(၄)ရပ်ကွက်ရှိ အောင်မြေရွှေဘုံ အထက်တန်းကျောင်း ပတ်ဝန်းကျင်များရှိ ခရီးသွားလာမိဘပြည်သူများအား "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံစို့" လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

## ချမ်းမြသာစည်မြို့နယ်၌ 20 MVA Transformer အား ဝန်အားတိုးမြှင့်ဆောင်ရွက်



မန္တလေး မေ ၁၇

မန္တလေးတိုင်း ဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ၃၃/၁၁ ကေဗွီချီပါ ဓာတ်အားခွဲရုံတွင် မူလတပ်ဆင်ထားရှိတော့ 20 MVA Transformer မှ ဝန်အားတိုးမြှင့်၍ နောက်ထပ် 10 MVA Transformer အသစ်တစ်လုံး ဝန်အားတိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းကို ယမန်နေ့က ဆောင်ရွက်သည်။

အဆိုပါ (10+20)MVA Transformer ဝန်အားတိုးမြှင့်ဆောင်ရွက်ခဲ့သဖြင့် ချီပါဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော တမ္ပဝတီရပ်ကွက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ သံလျက်မော်တောင်ရပ်ကွက်၊ ချမ်းမြသာစည်တောင်ရပ်ကွက်နေ ပြည်သူများ အနေဖြင့် ယခင်ထက် လျှပ်စစ်ဓာတ်အားကို ပိုမိုပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလင်းသစ်(ချမ်း/စည်)



## ကလေးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ကလေး မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆည်တော်ဦးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ပေးသည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် အသက် ၁၈ နှစ်ပြည့်ပြီး အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား မြို့နယ်ဦးစီးမှူးရုံး၊ ကျန်းမာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၂၀ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## စေတုတ္တရာမြို့နယ် စေတနာမွန် ငွေစုငွေချေးသမဝါယမအသင်း အစည်းအဝေးကျင်းပ

စေတုတ္တရာ မေ ၁၇

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်စေတနာမွန်ငွေစုငွေချေးအသင်းလီမိတက်၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးမိုးတင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်သဇင်ကြည်အောင်က သမဝါယမဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

စေတုတ္တရာမြို့နယ် စေတနာမွန် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်အနေဖြင့် အစိုးရဝန်ထမ်းပေါင်းစုံ အသင်းသား အသင်းသူများအား ယင်းတို့၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးအတွက်ဆောင်ရွက်ပေးလျက်ရှိရာ အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၂၇၂၄၄၈၂၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆန်းကိုကို(ပြန်/ဆက်)





## မှော်ဘီခရိုင်လူရည်ချွန် မောင် / မယ်များအား ဂုဏ်ပြုကြိုဆိုပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် မှော်ဘီမြို့နယ်ဂုဏ်ဆောင် လူရည်ချွန် မောင်/မယ်တို့အား ကြိုဆိုဂုဏ်ပြုပွဲနှင့် အတွေ့အကြုံရှင်းလင်းပွဲကို မေ ၁၄ ရက်က အထက(၁) ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီခရိုင်ပညာရေးမှူး ဆရာကြီး ဦးအေးလွင်က ကြိုဆိုဂုဏ်ပြုစကားပြောကြားပြီး လူရည်ချွန်မောင်မယ်များက အတွေ့အကြုံများ ရှင်းလင်းပြောကြားသည်။ မှော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်နိုင်၊ ခရိုင်ပညာရေးမှူး ဦးအေးလွင်၊ မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစောညို၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်တင်သန်းတို့က လူရည်ချွန် မောင်/မယ်များအား ဂုဏ်ပြုငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)

## အနာဂတ်ပညာရေးလမ်းစကောင်းများ ဖော်ဆောင်နိုင်ရေး ICT နည်းပညာဆွေးနွေးပွဲ ကျင်းပ




ပြည် မေ ၁၇

ကလေးငယ်များ မူလတန်းကြို အရွယ်မှစ၍ တက္ကသိုလ်ပညာရေးအထိ ပညာသင်ကြားရေးကဏ္ဍတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အနာဂတ်ပညာရေးလမ်းစကောင်းများ ဖော်ဆောင်နိုင်ရေး အသိပညာပေး ICT နည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ ဂင်္ဂါဝတီခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးရဲမြင့်အောင်က လူသားတစ်ဦး၏ အသိပညာ၊ ကျွမ်းကျင်မှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)သည် အရေးကြီးသော အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်းနှင့် အနာဂတ်ပညာရေး လမ်းကြောင်းအတွက် ICT သည် မရှိမဖြစ်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး PACE Learning Centre မှ Founder ဒေါ်ဝေဝေစိုးက ကျောင်းနေအရွယ်ပညာရေးကဏ္ဍတွင် အသိပညာ ဗဟုသုတ ရှာဖွေရာ လမ်းကြောင်းဖြစ်သော ICT ဘာသာရပ်ကို အလွယ်တကူ ချိတ်ဆက် သင်ကြားနိုင်ရေး နည်းလမ်းကောင်းများနှင့် ICT ကို လုပ်ငန်းခွင်ဝင်သည်အထိ အကျိုးရှိထိရောက်စွာ အသုံးချပုံများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သရက်မြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

သရက် မေ ၁၇

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ရက်(၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို မေ ၁၄ ရက်က ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသောင်းထိုက်က စက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦးအနက် အမှန်တကယ် လုပ်ငန်းထူထောင်ရန်ဆန္ဒရှိသည့် ထူးချွန်သင်တန်းသူငါးဦးကို စံသတ်မှတ်ချက်နှင့် ရွေးချယ်ပြီး လုပ်ငန်းထူထောင်နိုင်ရန် လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများကို ပေးအပ်ပြီး အဆိုပါသင်တန်းကို တစ်လခွဲ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)


# တရုတ်-ရုရှားကုန်စည်ပြပွဲသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**ပေကျင်း မေ ၁၇**

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့တွင် ကျင်းပသည့် (၁၀)ကြိမ်မြောက် တရုတ်-ရုရှားကုန်စည်ပြပွဲသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့က ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မေ ၁၇ ရက်တွင် အသီးသီးပေးပို့ခဲ့ကြောင်း သိရသည်။

ယခုနှစ်သည် တရုတ်-ရုရှား မဟာဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့အစည်း တည်ထောင်သည့် နှစ် ၃၀ ပြည့် အထိမ်းအမှတ်နှင့် တရုတ်-ရုရှား အိမ်နီးချင်းကောင်းနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး စာချုပ်ချုပ်ဆိုသည့် ၂၅ နှစ်မြောက်ဖြစ်ပြီး နှစ်နိုင်ငံအကြား ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခဲ့ကာ အောင်မြင်မှုများရရှိခဲ့ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။

ယခုကျင်းပသည့် ပြပွဲသည် နှစ်နိုင်ငံ၏ ကဏ္ဍအသီးသီးအတွက် ၎င်းတို့၏ နယ်မြေများနီးကပ်မှုနှင့် အပြန်အလှန် အကျိုးပြုသည့် အားသာချက်များကို အသုံးချရန်၊ ဘက်စုံလက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြှင့်တင်ရန်နှင့် နှစ်နိုင်ငံပြည်သူများ၏အကျိုးကို စဉ်ဆက်မပြတ်မြှင့်တင်ရန် အခွင့်အလမ်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း သမ္မတရှီက ပြောကြားခဲ့သည်။ တရုတ်-ရုရှား ဘက်စုံမဟာဗျူဟာမြောက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးမှ တစ်ဆင့် ခေတ်သစ်တစ်ခုအတွက်





တည်ငြိမ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

ယခုပြပွဲသည် နှစ်နိုင်ငံအကြား ဆွေးနွေးမှုများ ကျင်းပသည့် စင်္ကြံတစ်ခုအဖြစ် ဆောင်ရွက်ခဲ့ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

ပြပွဲသည် အပြုသဘောဆောင်သော ရလဒ်များရရှိစေမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှု အလားအလာသစ်များ ဆောင်ကြဉ်းပေးမည်ဖြစ်ကာ နှစ်နိုင်ငံပြည်သူများအတွက် အကျိုးကျေးဇူးများ ယူဆောင်လာပေးမည်ဟု ယုံကြည်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ**

# မြောက်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်း AFC Women's Champions League ဆီမီးဖိုင်နယ်ပွဲ ယှဉ်ပြိုင်ရန် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိ

**ဆိုးလ် မေ ၁၇**

မြောက်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းတစ်သင်းက AFC Women's Champions League ဆီမီးဖိုင်နယ်ပွဲ ယှဉ်ပြိုင်ရန်အတွက် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော် အနောက်ဘက် အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့ရောက်ရှိခဲ့ကြောင်း သိရသည်။



အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် တောင်ကိုရီးယားနိုင်ငံသို့ ရှစ်နှစ်အတွင်း ပထမဆုံးအကြိမ် လာရောက်ခြင်းဖြစ်သည်။

မြောက်ကိုရီးယား အမျိုးသမီးဘောလုံးအသင်း Naegohyang Women's FC သည် မေ ၂၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် တောင်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းနှင့် ဆူဝန်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

တောင်ကိုရီးယားအားကစားပြိုင်ပွဲတွင် မြောက်ကိုရီးယားအားကစားသမားများ နောက်ဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်မှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အင်ချွန်း၌ ကျင်းပသော နိုင်ငံတကာ စားပွဲတင်းနစ်အဖွဲ့ချုပ် World Tour Grand Finals ပြိုင်ပွဲတွင်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် မြောက်ကိုရီးယားကစားသမား ချာဟရိုဆင်းမ်သည် တောင်ကိုးရီးယားကစားသမား ဂျန်ဝူဂျင်းနှင့် နှစ်ယောက်တွဲ အတူယှဉ်ပြိုင်ပါဝင်ကစားခဲ့သည်။

မြောက်ကိုရီးယား အမျိုးသမီးဘောလုံးအသင်း Naegohyang Women's FC ကို ၂၀၁၂ ခုနှစ်တွင် ပြုံယမ်းမြို့တော်၌ တည်ထောင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ် မြောက်ကိုရီးယား ပထမတန်းလိဂ်ဖလားကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# နိုင်ဂျီးရီးယားတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ အကြီးတန်းအဖွဲ့ဝင်များ သေဆုံး

**အဘူဂျာ မေ ၁၇**

နိုင်ဂျီးရီးယားအတွင်း ပြုလုပ်ခဲ့သည့် စစ်ဆင်ရေးတစ်ခုတွင် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ အကြီးတန်းအဖွဲ့ဝင်များ သေဆုံးခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံ၏ အရှေ့မြောက်ပိုင်းတွင် နိုင်ဂျီးရီးယားအစိုးရနှင့် ပူးပေါင်းစစ်ဆင်ရေးတစ်ရပ်ကို လုပ်ဆောင်ခဲ့ကြောင်း အမေရိကန် အာဖရိကစစ်ဌာနချုပ်က ပြောကြားခဲ့သည်။

အဆိုပါသေဆုံးသူများအနက် တစ်ဦးသည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်အတွက် လက်နက်နှင့် မောင်းသူမဲ့လေယာဉ်များ တီထွင်ထုတ်လုပ်ခြင်းတို့နှင့်ပတ်သက်ပြီး ဗျူဟာမြောက် လမ်းညွှန်မှုပေးသည့် အကြီးတန်းခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် အကြမ်းဖက်မှုများ ဆောင်ရွက်ရန်နှင့် ဓားစာခံဖမ်းဆီးခြင်းများဆောင်ရွက်ရန် တိုက်ရိုက်ညွှန်ကြားသူ ဖြစ်ကြောင်းလည်း သိရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းအမျိုးသားသည် အိုင်အက်စ်အဖွဲ့၏ ဒုတိယခေါင်းဆောင်ဖြစ်ကြောင်း ဆိုရှယ်မီဒီယာတွင် ပြောကြားခဲ့သည်။

၎င်းအား ရှင်းလင်းခဲ့ခြင်းကြောင့် အိုင်အက်စ်အဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များ လျော့နည်းသွားမည်ဟု ယူဆကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားသမ္မတ ဘိုလာအာမက် တင်နူဘူက သမ္မတထရမ့်အား ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတစ်ဝန်းရှိ အကြမ်းဖက်နယ်မြေအားလုံးကို ယခုထက်ပိုမိုပြတ်သားသည့် တိုက်ခိုက်မှုများ ဆောင်ရွက်ရန် မျှော်လင့်နေပါကြောင်းလည်း ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း မာလူကူပြည်နယ်ရှိ ဒူကိုနိုမီးတောင် ပေါက်ကွဲ

**ဂျကာတာ မေ ၁၇**

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း မာလူကူပြည်နယ်ရှိ ဒူကိုနိုမီးတောင်သည် မေ ၁၇ ရက်တွင် ပေါက်ကွဲခဲ့ပြီး မီးခိုးပြာများသည် ၎င်း၏တောင်ထွတ်အထက် မီတာ ၅၀၀၀ အထိ လွင့်စင်ပျံတက်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ မီးတောင်နှင့် ဘူမိဗေဒဆိုင်ရာ အန္တရာယ်လျော့ပါးရေး ဗဟိုဌာနက ပြောကြားခဲ့သည်။

အမြင့် ၁၀၈၇ မီတာရှိသော မီးတောင်သည် လက်ရှိတွင် မီးတောင်ပေါက်ကွဲမှု ဒုတိယအမြင့်ဆုံး သတိပေးချက်အဆင့်တွင် ရှိနေသည်။



မီးတောင်ပေါက်ဝ၏ ကီလိုမီတာ ၄၀ အကွာအဝေးအတွင်း လှုပ်ရှားမှုများကို ရှောင်ရှားရန်နှင့် မီးတောင်ပြာများကို ရှူရှိုက်မိပါက အသက်ရှူလမ်းကြောင်းဆိုင်ရာ အန္တရာယ်များဖြစ်ပေါ်စေသည့်အတွက် နှာခေါင်းစည်းများ ဝတ်ဆင်ထားရန် အာဏာပိုင်များက ဒေသခံများနှင့် ခရီးသွားများကို တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မော်လ်ဒိုက်နိုင်ငံက နိုင်ငံခြားသားများအတွက် ရေကြောင်းခြေရာခံစနစ်တစ်ခု မိတ်ဆက်သွားမည်

**မာလီ မေ ၁၇**

မော်လ်ဒိုက်နိုင်ငံသည် ၎င်း၏ ဒစ်ဂျစ်တယ်အသွင်ပြောင်းရေး အစီအစဉ်အရ နိုင်ငံအတွင်း ခရီးသွားလာနေသော နိုင်ငံခြားသားများအတွက် ရေကြောင်းခြေရာခံစနစ်တစ်ခု မိတ်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစနစ်သည် နိုင်ငံခြားသားများ နိုင်ငံအတွင်းမှ ရေလမ်းကြောင်းဖြင့် သွားလာမှုကို ခြေရာခံလိုက်ရန်အတွက် အထောက်အကူဖြစ်စေကြောင်း ပြည်ထဲရေး၊ အလုပ်သမားနှင့် နည်းပညာဝန်ကြီး အလီ အီဟူဆန်က ပြောကြားခဲ့သည်။

ယင်းစနစ်အရ သင်္ဘောခရီးစဉ်များအတွင်း ခရီးသည်များ ပျောက်ဆုံးသွားခြင်းအပါအဝင် ရေကြောင်းအရေးပေါ်အခြေအနေများတွင် အာဏာပိုင်များအား ၎င်းစနစ်က ပိုမိုမြန်ဆန်စွာ တုံ့ပြန်နိုင်စေမည်ဟု ၎င်းက ပြောကြားခဲ့သည်။

နိုင်ငံခြားလုပ်သားများကို စီမံခန့်ခွဲရန်နှင့် နိုင်ငံအတွင်း တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုကို ကိုင်တွယ်ဖြေရှင်းရန် အစိုးရ၏ ပိုမိုကျယ်ပြန့်သော ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်ဇယားထုတ်ပြန်ပြီး မေ ၂၃ ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် မေ ၁၇

၂၀၂၆-၂၀၂၇ ရာသီ MNL ယူ-၂၀ လူငယ် လိဂ်ပြိုင်ပွဲ ပွဲစဉ်ဇယားထွက်ပေါ်လာပြီး မေ ၂၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်က လာမည့်ရာသီတွင် ကျင်းပမည့် ပြည်တွင်းပြိုင်ပွဲများအနက် MNL ယူ-၂၀ လိဂ်ပြိုင်ပွဲကို အစောဆုံးကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် လာမည့်ရာသီ MNL ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရထားသည့် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်၊ ဒဂုံစတားယူနိုက်တက်၊ အား/ကာသိပ္ပံ၊ ဟံသာဝတီယူနိုက်တက်၊ မဟာယူနိုက်တက်၊ ရတနာပုံ၊ ရောဝတီယူနိုက်တက်၊ သစ္စာအားမာန်၊ Chinland၊ မြဝတီနှင့် ရန်ကုန်စီးတီးအသင်းတို့အပြင် မြန်မာလူငယ်လက်ရွေးစင်အသင်း နှစ်သင်းလည်း Falcon အသင်း၊ Galaxy အသင်းအမည်များဖြင့် ပြိုင်ပွဲအတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် လူငယ်ကလပ်အသင်းများသည် ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားကာ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ YUSC ကွင်း၊ ဗဟန်းမြက်ခင်းတုကွင်း၊ သန်လျင်သီဟဒီပကွင်းနှင့် တောင်ဒဂုံကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**



## မိတ္ထီလာမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ မေ ၁၇

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် ဝမ်းတော်ပြည့်တော်ချဲ့ရပ်ရှိ ဇမ္ဗူညွန့်ဓာတ်မြေသြဇာသိုလှောင်ရုံတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အကြံပြုပြောကြားခြင်းများကို ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက် ၁၀ နာရီတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မှုခင်းကျဆင်းရေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အင်းစိန်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဦးဆောင်၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းက သမကုန်းမီးပွိုင့် အမှတ်(၅)လမ်းမကြီး မြို့နယ်ခန်းမရှေ့တွင် ဆောင်ရွက်ကြသည်။



အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်မြင့်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လမ်းသွားလမ်းလာပြည်သူများအား မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန် /ဆက်)**

## ❖ MFF ယူ-၁၆ မှ

Victoria အသင်းကို သုံးဂိုး-နှစ်ဂိုး၊ SGF Youth အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး Pacific Sun Far အသင်းနှင့် Jullniss အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၁)တွင် အနိုင်ရထားသည့်အသင်းများအနက် SGF Youth အသင်းနှင့် FFU မင်းမဟော်အသင်းတို့သာ နိုင်ပွဲဆက်ခဲ့ပြီး ကျန်အသင်းများ နိုင်ပွဲဆက်ပျောက်ဆုံးခဲ့သည်။

MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ကျင်းပလျက်ရှိသည်။ **သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MFF**

# ပေါင်မြို့နယ်၌ မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ပေါင် မေ ၁၇

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်သူ့အတွက် ရက်(၁၀၀)စီမံချက်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကဒုံစီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။



ဦးစွာ ဟောပြောပွဲတွင် ပေါင်မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်စိုးသန်းက ရပ်ကွက်ကျေးရွာများအတွင်း မှုခင်းလျှော့နည်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ မှုခင်းဆိုင်ရာများနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့် ခိုးမှု၊ လုယက်မှု၊ မုဒိမ်းမှု စသည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ဖြစ်မှု၊ ဖြစ်ဒဏ်များအကြောင်းကို ရပ်ကွက်နေ ပြည်သူများအား အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ဝေသော မှုခင်းကြိုတင်ကာကွယ်ခြင်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ○ မန်ယူအသင်း

မန်ယူအသင်းဟာ နော်တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၃၇) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၆၈ မှတ်စုဆောင်းနိုင်ခဲ့ကာ အမှတ်ပေးဇယားတတိယနေရာမှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

နော်တင်ဟမ်ဖောရက်စ်အသင်းဟာ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၄၃ မှတ်နဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၁၆ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

# ပျော်ဘွယ်မြို့နယ်၌ အခမဲ့ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်

ပျော်ဘွယ် မေ ၁၇

ရမည်းသင်းခရိုင် ကုသရေးဦးစီးဌာနက ဦးဆောင်၍ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ပြည်သူများအား မေ ၁၅ ရက် နံနက်ပိုင်းက အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်း ဆောင်ရွက်သည်။





ကွင်းဆင်းဆေးကုသရာတွင် ရမည်းသင်းခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအိအိခင်နှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာ ဆရာမများက ရောဂါဖြစ်ပွားမှုစာရင်းကောက်ယူခြင်း၊ ရောဂါစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ တစ်ဦးချင်းစီအလိုက် ရောဂါဖြစ်ပွားမှုအပေါ်မူတည်၍ လိုအပ်သောအကြံဉာဏ်များပေးခြင်း၊ ကုသပေးခြင်း၊ လိုအပ်သော ဆေးဝါးများပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ရမည်းသင်းခရိုင် ကုသရေးဦးစီးဌာနအနေဖြင့် ရက် (၁၀၀) ကာလအတွင်း ကျေးရွာများသို့ကွင်းဆင်း၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ❐ ကမ္ဘာ့ဖလားမှ

သုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ် အနိုင်ရပြီး အင်ဒိုနီးရှားအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ပထမပွဲငယ်တွင် ၁၅-၇ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၂ မှတ်ဖြင့် အနိုင်ရရှိပြီး အင်ဒိုနီးရှားနှင့် နောက်ဆုံးပွဲတွင် ပထမပွဲငယ်၌ ၁၅-၉ မှတ်ဖြင့် အနိုင်ရရှိကာ ဒုတိယပွဲငယ်တွင် ၇-၁၅ မှတ်၊ တတိယပွဲငယ်၌ ၁၃-၁၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ လေးယောက်တွဲပြိုင်ပွဲ အုပ်စုပထမပွဲတွင် မြန်မာအသင်းသည် ဘရူနိုင်းအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရာ နှစ်ပွဲပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၁၁ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၂ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ လေးယောက်တွဲပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့အဖြစ် မြန်မာအသင်းသည် မေ ၁၈ ရက်တွင် တရုတ်အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်သည်။

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ISTAF**

# အောင်လံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်များ ထုတ်ပေး

အောင်လံ မေ ၁၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အစိုးရ၏ ရက် (၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်နေသည့် "လမင်းစီမံချက်" အရ အသက် (၁၀) နှစ်ပြည့်နှင့် အသက် (၁၈) နှစ်ပြည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်များ (One Stop Service) ဖြင့် ထုတ်ပေးသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ချစ်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်



နှင့် UID ကတ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ချစ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိန်နှင့် မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်တို့က ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများထံသို့ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များ ဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား လေးဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၃၈ ဦးတို့အား ဖုန်းမျိုးစုံ ၁၅၅လုံး၊ All In One ကွန်ပျူတာ အလုံး ၃၀၊ တရုတ်ငွေ ယွမ် ၁၀၀၀၀၊ မြန်မာငွေ ၁၀ သိန်းကျပ်နှင့် Crown အမျိုးအစား မော်တော်ယာဉ်နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၅နာရီခန့်တွင် အဆိုပါရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား လေးဦးအား ဖုန်းမျိုးစုံ ၉၅ လုံး၊ Laptop တစ်လုံး၊ Wifi စက်နှစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်နေကြသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိနေရာပြပုံ။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။


တရုတ်နိုင်ငံသား အမျိုးသား လေးဦးအားတွေ့ရစဉ်။


မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ကိုးဦးအား တွေ့ရစဉ်။


မြန်မာနိုင်ငံသား အမျိုးသား လေးဦးအား တွေ့ရစဉ်။

## ကျိုက္ခမီမြို့၌ မှုခင်းကျဆင်းရေး အသိပညာပေးဆောင်ရွက်

သံဖြူဇရပ် မေ ၁၇

မွန်ပြည်နယ် ကျိုက္ခမီမြို့၌ အစိုးရအဖွဲ့၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျိုက္ခမီနယ်မြေရဲစခန်းမှ မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျိုက္ခမီမြို့ အောင်ပင်လယ်ရပ်ကွက်ရှိ မြစိမ်းရောင်ဓမ္မာရုံ၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးမြင့်က ကြီးကြပ်၍ ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ် ဆန်းကိုကိုနှင့် တာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများအား မှုခင်းများ လျော့နည်းကျဆင်းစေရေးအတွက် မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး ရောင်းဝယ်သုံးစွဲမှုကြောင့် ဖြစ်ပွားနိုင်သည့် ပြစ်မှု/ပြစ်ဒဏ်များနှင့် ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဆိုင်ရာပြစ်မှုများနှင့် အခြားသော မလိုလားအပ်သော ပြစ်မှုကြီးများ မဖြစ်ပွားစေရေးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေး ဟောပြောပြီး ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သွားရောက်ကာ မှုခင်းလျော့နည်းကျဆင်းစေရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲ ကျင်းပ

ဒေးဒရဲ မေ ၁၇

ဧရာဝတီ တိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ရေကျော်ကျေးရွာ ပြည်လုံးချမ်းသာ ကမ္ဘာအေးဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

**အသိပညာပေး ဟောပြော**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က မူးယစ်ဆေးဝါးအန္တရာယ်များနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ဖြစ်ပွားလာနိုင်သည့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများအား အသိပညာပေး ဟောပြောပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေးဒရဲမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်မြင့်ခိုင်က မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ သွင်ပြင်လက္ခဏာများနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ကျခံရမည့်ပြစ်ဒဏ်များအား ဟောပြောခဲ့ကြောင်း သိရသည်။



**အေဇာလင်း**

# ဉာဏ်ရည်တုလှိုင်းများ (၆)

■ နီဇော်သစ်

ဉာဏ်ရည်တုလှိုင်းများ ခေါင်းစဉ်အောက်တွင် ဉာဏ်ရည်တုနည်းပညာ၏ လုပ်ဆောင်နိုင်စွမ်းနှင့် လုပ်ပိုင်ခွင့်တို့ အကြောင်း အကြမ်းဖျင်းအားဖြင့်ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါသည်။ ဉာဏ်ရည်တုသို့မဟုတ် အေအိုင် နည်းပညာနှင့်ပတ်သက်၍ ကျွန်တော်တို့ စိုးရိမ်နေကြသည့် အန္တရာယ်တို့မှာ လုပ်ဆောင်နိုင်စွမ်းနှင့်မဆိုင် လုပ်ပိုင်ခွင့် ဘယ်လောက်ပေးထားလဲဆိုသည်အပေါ်တွင် ပို၍မူတည်ကြောင်းလည်း တွေ့ခဲ့ရပြီဖြစ်သည်။ သို့သော် လုပ်ဆောင်နိုင်စွမ်း အတိုင်းအတာတစ်ခုအထိ မြင့်တက်သွားလျှင် အေအိုင်သည် သူ့လုပ်ပိုင်ခွင့်သူ မြှင့်တင်သွားနိုင်စွမ်း ရှိမလားဆိုသည်မှာ ရှင်းရှင်းလင်းလင်း ကြိုတင်မြင်နိုင်သည့် အနေအထားတွင် ရှိမနေပါ။ ရှေ့က ပြောခဲ့သလို အေအိုင်လုပ်ပိုင်ခွင့်အဆင့်(၅)သည်လူသားသမိုင်း၏ အကြီးမားဆုံး နည်းပညာတော်လှန်ရေး ဖြစ်လာနိုင်သလို လူသားတို့ကိုယ်တိုင် ဖန်တီးလိုက်သောပြိုင်ဘက်တစ်ခုလည်း ဖြစ်လာနိုင်သည်။ အရေးကြီးသည်မှာ ထိုအဆင့်သို့ မရောက်ခင် လူသားတို့က ထိန်းချုပ်မှု၊ တာဝန်ယူမှုနှင့် တန်ဖိုးထားမှုတို့ကို ဘယ်လိုသတ်မှတ်မလဲ ဆိုသည်က အရေးကြီးသည်။ အဓိကအကျဆုံးမှာ ထိန်းချုပ်နိုင်မှာလား၊ မထိန်းချုပ်နိုင်ဘဲ လွှတ်ပေးလိုက်ရမှာလား ဆိုသည့် မေးခွန်းဖြစ်သည်။

လူသားမျိုးစိတ်၏ ပထမဆုံးကြိုးကိုင်ဖန်တီးမှုဖြစ်သည့် မီးနှင့် ကျောက်လက်နက်တို့ကို အသုံးပြုသည့် နည်းပညာများ ဖန်တီးခဲ့ချိန်မှစ၍ နည်းပညာတိုးတက်မြင့်မားလာခြင်းနှင့် ကျယ်ပြန့်လွှမ်းမိုးလာခြင်းတို့သည် လူသားတို့၏ သမိုင်းကြောင်းနှင့် ယှဉ်တွဲဖြစ်တည်လာခဲ့သည်။ နည်းပညာတစ်ခု တီထွင်ဖန်တီးလိုက်ပြီးတိုင်း မပြောင်းလဲဘဲ ထာဝရရပ်တည်နေသည့် နိယာမမှာ ဈေးသက်သာလာမည်၊ အလွယ်တကူ သုံးနိုင်လာမည်၊ တစ်ဟုန်ထိုးတိုးတက်ပွားများပြီး ကျယ်ပြန့်လာမည်ဆိုသည့် အချက်ပင်ဖြစ်သည်။ ထိုဖြစ်စဉ်မှာ လူသားတို့၏ ဆင့်ကဲတိုးတက်မှုဖြစ်စဉ်နှင့် အလားတူသည်။ ကိုယ့်ကိုယ်ကိုယ်




တိုးတက်စေဖို့၊ ကိုယ့်ကံကြမ္မာကို တိုးတက်စေဖို့၊ ကိုယ့်စွမ်းဆောင်ရည်များကို တိုးတက်စေဖို့၊ ကိုယ့်ပတ်ဝန်းကျင်အပေါ် ကိုယ့်ဩဇာလွှမ်းမိုးမှုတိုးတက်စေဖို့လူသားတို့၏ စူးစမ်းရှာဖွေမှုများသည် နည်းပညာတို့၏ ဆင့်ကဲဖြစ်စဉ်ကို တွန်းအားပေးသည်။ ထိုတွန်းအားက တစ်ဟုန်ထိုးတိုးတက်ပွားများ ကျယ်ပြန့်မှုကို ကမ္ဘာတစ်ခွင်လုံး၌ ပျံ့နှံ့စေပြီး နည်းပညာအပေါ် လူသားတို့၏ ကန့်သတ်ထိန်းချုပ်နိုင်စွမ်းကို လွတ်ထွက်သွားစေသည်။

သမိုင်းတစ်လျှောက် အထွေထွေသုံး နည်းပညာများထဲတွင် လူသားတို့၏ ကန့်သတ်ထိန်းချုပ်မှုအောက်၌ လုံးဝကျရောက်ခဲ့သည့် နည်းပညာဟူ၍ နျူကလီးယားနည်းပညာသာ ရှိသည်ကို တွေ့နိုင်သည်။ ဟီရိုရှီးမားနှင့် နာဂါဆာကီဖြစ်စဉ်တို့သည် သမိုင်းတစ်လျှောက် အကြီးမားဆုံးနှင့် စစ်ပွဲကြီးကို ရပ်တန့်သွားစေသည်ဟု ဆိုကြသော်လည်း တစ်ဆက်တည်းမှာပင် နျူကလီးယားနည်းပညာအပေါ် လူသားထု၏ စိုးရိမ်ထိတ်လန့်မှုကိုလည်း အဆုံးစွန်ရောက်မြင့်တက်စေခဲ့သည်။ နျူကလီးယားနည်းပညာလို အထွေထွေသုံး နည်းပညာတစ်ခု၏ တိုးတက်ပျံ့နှံ့မှုကို ထိန်းချုပ်လိုက်နိုင်သည်မှာလည်း အဆိုပါ စိုးရိမ်ထိတ်လန့်မှုကြောင့်ပင်။ တစ်ဖက်တွင်လည်း အိုင်းစတိုင်းပြောသလို နေမှအပဖြစ်သော စွမ်းအင်ကို ဖန်တီးပေးသည့် နည်းပညာ၏ ကောင်းကျိုးများကို လူသားတို့ အပြည့်အဝမခံစားကြရအောင် တားဆီးလိုက်သည်ဟုလည်း ဆိုနိုင်သည်။ မည်သို့ပင်ဖြစ်စေ နည်းပညာသမိုင်းမြင်ကွင်းတွင် ထိုသို့ အပြည့်အဝနီးပါး ကန့်သတ်ထိန်းချုပ်နိုင်သည်ဟူ၍ နျူကလီးယား နည်းပညာတစ်ခုသာရှိပြီး ကျန်နည်းပညာများသည် မည်သူမျှ ကန့်သတ်ထိန်းချုပ်၍ မရနိုင်လောက်အောင် လူသားမျိုးစိတ်တစ်ခုလုံး၏ လက်ထဲသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်ကတော့ သေချာပါသည်။

ယခု အေအိုင် နည်းပညာကရော ဘယ်လိုဖြစ်နိုင်ပါသလဲ။ လက်ရှိ အေအိုင် နည်းပညာလောက၏ ဦးစီးရှေ့ဆောင်တစ်ယောက်ဖြစ်သော မိုက်ခရိုဆော့ဖ် အေအိုင် စီအီးအို မူစတာဖာဆူလီမန်က ၂၀၂၃ ခုနှစ်ထုတ် သူ့စာအုပ် The Coming Wave ထဲတွင် အေအိုင် နည်းပညာကို သုတေသနလုပ်ဖြစ်ခဲ့သည့် ရည်မှန်းချက်ကို“ကျွန်တော်တို့ကို ကျွန်တော်တို့ဖြစ်လာစေသည့်၊ သူမတူသော မျိုးစိတ်ဖြစ်လာစေသည့် ကျွန်တော်တို့၏ အသိဉာဏ်ကို ပုံတူပွားရမည့် ရည်မှန်းချက် … ထိုရည်မှန်းချက်ကို အောင်မြင်စေဖို့ ကျွန်တော်တို့ စနစ်တစ်ခုဖန်တီးဖို့ လိုအပ်သည်။ အမြင်နှင့် အပြောမှသည် စီမံခြင်းနှင့် စိတ်ကူးခြင်းအထိ၊ ကရုဏာတရားမှသည် ဖန်တီးနိုင်စွမ်းအထိ လူသားတို့၏ အသိအမြင်ဆိုင်ရာ စွမ်းဆောင်ရည်များ အားလုံးကို အရင်ဆုံး တုပ၊ နောက်ပိုင်းသာလွန်သွားစေမည့် စနစ်ဖြစ်သည်”ဟု ဖော်ပြခဲ့သည်။ ထို့ကြောင့် ဉာဏ်ရည်တုနည်းပညာတို့ကို ဖန်တီးခဲ့ကြသည့်၊ ဖန်တီးနေကြသည့် ပညာရှင်တို့သည် ရှေ့တွင်တင်ပြခဲ့သည့် အေအိုင်၏ လုပ်ဆောင်နိုင်စွမ်းတို့ထဲတွင် နောက်ဆုံးအဆင့် လုပ်ဆောင်နိုင်စွမ်းကို နဂိုကတည်းက ရည်မှန်းထားခဲ့ခြင်းဖြစ်ကြောင်း သိနိုင်သည်။ အထွေထွေ ဉာဏ်ရည်တုတို့၊ စူပါဉာဏ်ရည်တုတို့ဆိုသည်မှာ လုပ်ရင်းမှ တွေ့လာသည့် ရည်မှန်းချက်များမဟုတ်။ စကတည်းကရှိခဲ့သည့် ရည်မှန်းချက်များဖြစ်သည်။ ထိုသို့ဖြစ်ခြင်းမှာလည်း မထူးဆန်း။ ကျွန်တော်တို့ ငယ်စဉ်ကတည်းက သဘောကျခဲ့သည့် တာမင်နေတာလို သိပ္ပံစိတ်ကူးယဉ်ဇာတ်ကားများထဲမှ ပြဒါးလူသားတို့လိုမျိုး စက်ရုပ်များသည် ထိုသို့သော စွမ်းရည်မျိုး ပိုင်ဆိုင်ထားကြသည် မဟုတ်ပါလား။

လက်ရှိအချိန်တွင် ကျွန်တော်တို့လို သာမန်လူတို့သည် အေအိုင် နည်းပညာနှင့် စတင်ယဉ်ပါးခါစသာ ရှိသေးသည်။ ပညာရှင်လောကထဲတွင်မူ ဉာဏ်ရည်တုနည်းပညာသည် အေဂျီအိုင်ဟုခေါ်သည့် အထွေထွေ ဉာဏ်ရည်တုနည်းပညာထဲသို့ စတင်ချင်းနင်း ဝင်ရောက်နေချိန်ဟု ဆိုနိုင်သည်။ ရှေ့တွင် ဖော်ပြခဲ့သည့် အေအိုင် လုပ်နိုင်စွမ်းနှင့် လုပ်ပိုင်ခွင့် အဆင့်ဆင့်များထဲတွင် ထိုသို့ ချင်းနင်းဝင်ရောက်မှုကို မြင်နိုင်နေပြီဖြစ်ရာ အကျယ်တဝင့် ထပ်မပြောတော့ပါ။ အန္တရာယ်များအနေဖြင့် အလွဲသုံးခြင်း၊ အလိုင်းမင်းလွဲခြင်းနှင့် ဖွဲ့စည်းတည်ဆောက်ပုံ အန္တရာယ်တို့အကြောင်းကိုသာ ဆက်လက်ဆွေးနွေးသွားပါမည်။

လက်ရှိ နည်းပညာအဆင့်အထိ အဓိက အန္တရာယ်မှာ အလွဲသုံးခြင်းဖြစ်သည်။ ပြဿနာမှာ နည်းပညာမဟုတ်သေးဘဲ နည်းပညာကို အသုံးချသည့် လူသားဖြစ်သည်။ ယင်းမှာ နည်းပညာတိုင်းတွင် ကြုံရသည့် အန္တရာယ်ဖြစ်သည်။ မည်သည့် နည်းပညာကိုမဆို မကောင်းသည့်ဘက်တွင် အသုံးချလိုသူများ အမှန်တကယ်ရှိခဲ့ပြီး ထိုအန္တရာယ်တို့ကိုလည်း အမှန်တကယ် ကြုံခဲ့ကြရသည်။ ယခုအချိန်တွင်လည်း အေအိုင်နည်းပညာ အသုံးပြုကာ အသံတု၊ ဗီဒီယိုအတုများဖြင့် လိမ်လည်ခြင်း၊ ငွေညှစ်ခြင်းတို့ကို စတင်မြင်တွေ့နေရပြီဖြစ်သည်။ ပုံအတု၊ ဗီဒီယိုအတု၊ သတင်းအတု လုပ်ခြင်းတို့မှာ လူမှုမီဒီယာများပေါ်တွင် ထူးဆန်းသော ကိစ္စမဟုတ်တော့ဟုပင် ဆို၍ရနေပြီ။ ပေါ်ဦးစ အေဂျီအိုင်(Emerging AGI)နှင့် အသင့်အတင့်သော အေဂျီအိုင်(Competent AGI)အဆင့်များတွင်၊ တစ်နည်းအားဖြင့် ကျွမ်းကျင်သူ အေဂျီအိုင် (Expert AGI)အဆင့် မရောက်ခင်အထိ အဆိုပါ လူသားနှင့်ဆိုင်သော ပြဿနာမျိုးသာ ရှိနိုင်သေးသည်ဟု ပညာရှင်များက သုံးသပ်ထားကြသည်။ အလွဲသုံးခြင်းအပြင် မတော်တဆမှုများနှင့် မလိုမုန်းထားမှုများကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ ဤအဆင့်တွင် ဆိုက်ဘာတိုက်ခိုက်မှုများ အားကောင်းလာနိုင်သည်လည်း ရှိသည်။ သာမန်အဆင့် ဟက်ကာတစ်ယောက်သည်ပင်လျှင် အေအိုင်၏ အကူအညီဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများ လုပ်လာနိုင်သည်။

ထို့ကြောင့် လက်ရှိအနေအထားအထိ ကန့်သတ်ထိန်းချုပ်မှုမှာ နည်းပညာကို ထိန်းချုပ်နိုင်စွမ်းရှိနေပြီး လူသားတို့၏ အမှားနှင့် အလွဲသုံးမှုတို့၏ အန္တရာယ်တို့က ပိုများသည်ကို တွေ့နိုင်သည်။ နည်းပညာအန္တရာယ်ဟူ၍ နည်းပညာတိုင်းတွင် ကြုံရလေ့ရှိသော အလုပ်အကိုင် အပြောင်းအလဲများသာရှိသည်။ တစ်ခုရှိသည်မှာ အေအိုင်ကြောင့် အလုပ်အကိုင် နေရာဖယ်ပေးလိုက်ရခြင်းတို့သည် လူ့အဖွဲ့အစည်းက အလုပ်အကိုင်သစ်များ ပြန်လည်ဖန်တီးပေးနိုင်သည်ထက် ပိုမြန်နေနိုင်သည့် ကိစ္စဖြစ်သည်။ ထိုအန္တရာယ်ကတော့ လက်ရှိတွင်လည်း စတင်နေပြီဖြစ်ပြီး မကြာခင်ကာလအတွင်း ကျယ်ကျယ်ပြန့်ပြန့် မြင်လာရတော့မည့် အန္တရာယ်ဖြစ်သည်။

နောက်ဆုံးတစ်ခုမှာ ပါဝါပြန်လည်ဖြန့်ဝေမှုဖြစ်သည်။ နည်းပညာတိုင်းက လုပ်လေ့ရှိသည့် ပါဝါပြန်လည်ဖြန့်ဝေမှုကို အေအိုင်နည်းပညာက ပိုမိုကျယ်ပြန့်စွာ လုပ်နိုင်ကြောင်း မြင်နေရပြီဖြစ်သည်။ လက်ရှိအချိန်အထိတော့ ပါဝါဗဟိုချက်စုသွားခြင်းမျိုးကို ပိုမြင်နေရသည်။ အွန်လိုင်းပေါ်တွင် အေအိုင်ကို လူတိုင်းသုံးနိုင်သည့် နည်းပညာတစ်ခုအဖြစ် မြင်လာရခြင်းကြောင့် အေအိုင်သည် အများပြည်သူထံ ပါဝါဖြန့်ဝေပေးသော နည်းပညာဟု ဆိုကောင်းဆိုနိုင်မည်။ လက်ရှိ အေအိုင်ကို မကောင်းသည့်နေရာတွင်ရော ကောင်းသည့်နေရာတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် သုံးနေကြခြင်းမှာလည်း မှန်သည်။ သို့သော် နောက်ကွယ်တွင် ပါဝါဗဟိုချက်ပြုခြင်းမှာလည်း ပိုမိုအားကောင်းလာသည်ကို အထင်အရှားမြင်နေရသည်။ ထိုအကြောင်းများကို နောက်တစ်ပတ်တွင် ဆက်လက်ဆွေးနွေးသွားပါမည်။

## နှစ်ပေါင်း ၅၀ ကျော် ပဟေဠိဖြစ်နေသည့် သွေးအုပ်စုအသစ်တစ်ခု အတည်ပြု

သွေးအုပ်စုဆိုလျှင် သာမန်လူတို့အနေဖြင့် အို၊ အေ၊ ဘီ၊ အေဘီတို့ကိုသာ ပြေးမြင်ကြမည်ဖြစ်သည်။ အလွန်ဆုံး အာရ်အိပ်အပေါင်း၊ အနုတ်တို့နှင့် တွဲပြီး သိကြမည်။ သို့သော် ယင်းမှာ သိပ္ပံနည်းကျ သွေးအုပ်စုများထဲမှ တစ်စိတ်တစ်ပိုင်းသာ ဖြစ်သည်။ သိပ္ပံပညာလောကတွင်မူ သွေးအုပ်စုပေါင်း ၄၇ မျိုးရှိပြီး အင်တီဂျင်ဟုခေါ်သည့် မော်လီကျူးအမျိုးအစားကွဲပေါင်း ၃၆၀ ကျော်ရှိသည်။ ယခုအချိန်တွင်မူ နှစ်ပေါင်း ၅၀ ကျော် ပဟေဠိဖြစ်ခဲ့သည့် သွေးအုပ်စုတစ်ခုကို ထပ်ပြီး အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအတည်ပြုသော သွေးအုပ်စုကို အမ်အေအယ်လ်ဟု အမည်ပေးထားပြီး အန်တီဂျင်အေအင်န်ဒဗလျူဂျေ အမျိုးအစားကို ဗဟိုပြုသည်။ ၁၉၇၂ ခုနှစ်က ပထမဆုံးတွေ့ရှိခဲ့ပြီး ဘယ်အမျိုးအစားထဲထည့်ရမလဲ ဝေခွဲမရဖြစ်စေခဲ့သည့် သွေးအမျိုးအစားဖြစ်သည်။ အေအင်န်ဒဗလျူဂျေဆိုသည့် နာမည်မှာလည်း ပထမဆုံးတွေ့ရှိသော လူနာနှစ်ယောက်ဖြစ်သည့် အန်တန်နှင့် ဒဗလျူဂျေတို့၏ နာမည်များကို ပေးထားခြင်းဖြစ်သည်။ အလွန့်အလွန် ရှားပါးသော သွေးအမျိုးအစားဖြစ်သည်။



နောက်ဆုံးတွင် ဗြိတိန်နှင့် အစ္စရေးတို့မှ သုတေသီများက ထိုသွေး အမျိုးအစား၏ နောက်ကွယ်မှ မျိုးဗီဇကို ဖော်ထုတ်နိုင်ခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် နှစ်ပေါင်း ၅၀ ကျော် တည်ရှိနေသည့် သိပ္ပံပဟေဠိတစ်ခုကို အဖြေညှိလိုက်နိုင်ရုံသာမက အလွန့်အလွန်ရှားပါးသော သွေးအမျိုးအစားရှိသော လူနာတို့ကို သွေးသွင်းကုသရချိန်တွင် ယခင်ကထက် ဘေးကင်းအောင် စောင့်ရှောက်ပေးနိုင်တော့မည်ဖြစ်သည်။

ကြုံတွေ့ခဲ့ရသည့် အေအင်န် ဒဗလျူဂျေ သွေးအမျိုးအစားမှာ မျိုးရိုးဆက်ခံမှုကြောင့် မဟုတ်ဟုလည်း သိရသည်။ သွေးရောဂါအချို့နှင့် ကင်ဆာအချို့က ထိုသွေးအမျိုးအစားကို ဖြစ်စေနိုင်သည်ဟု ဆိုသည်။ မျိုးရိုးဗီဇအရ ထိုသွေးအမျိုးအစားကို ဆက်ခံထားသူ ငါးယောက်သာ တွေ့ဖူးကြောင်းလည်း မှတ်တမ်းများကဆိုသည်။ ထိုသူများထဲမှ အချို့မှာ အာရပ်-အစ္စရေး မိသားစုတစ်ခုမှ မိသားစုဝင်များဖြစ်သည်။ အရေးကြီးသည့်အချက်မှာ ထိုသွေးအမျိုးအစားဆက်ခံပြီး မွေးဖွားလာသူတို့သည် ပုံမှန်လူများလိုပင် ကျန်းမာရေး ကောင်းကြခြင်းဖြစ်သည်။


ထိုသွေး အမျိုးအစားကို နှစ်ပေါင်း ၂၀ ကျော် လေ့လာခဲ့ပြီး ယခု တွေ့ရှိမှုကို ဦးဆောင်ခဲ့သူများထဲမှ တစ်ယောက်ဖြစ်သည့် ဗြိတိန်အမျိုးသား သွေးလှူဘဏ်မှ အကြီးတန်းသုတေသီလွှစ်တီလီက “ဒီသွေး အမျိုးအစားက ပဟေဠိဖြစ်နေတာ နှစ်ပေါင်း ၅၀ ကျော်ပါပြီ။ ကျွန်မကိုယ်တိုင်တောင် နှစ်ပေါင်း ၂၀ ကျော် လေ့လာခဲ့ရတာပါ။ ဒါကြောင့် အခုတွေ့ရှိမှုက အောင်မြင်မှုကြီးတစ်ခုပါ။ သွေးစနစ် အသစ်တစ်ခုကို ဖော်ထုတ်နိုင်ရုံတင်မဟုတ်ပါဘူး။ ရှားပါးပြီး အရေးကြီးတဲ့ လူနာတွေအတွက် အကောင်းဆုံး စောင့်ရှောက်မှုကို ပေးနိုင်တော့မှာပါ”ဟု ဆိုသည်။

Ref: scitechdaily

# ၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia–EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)


ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




၂၀၂၆ ခုနှစ် ဧပြီလအတွင်း စခန်း ၂၄ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၄ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနက စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဧပြီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၄ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၂)၊ ၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ PH တန်ဖိုးများပြပုံ




၂၀၂၆ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော
မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၅ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | ခန္တီး | ၆.၅ |
| ၄ | လားရှိုး | ၆.၉ |
| ၅ | တောင်ကြီး | ၇.၁ |
| ၆ | မိုင်းဆတ် | ၆.၈ |
| ၇ | ကျိုင်းတုံ | ၆.၅ |
| ၈ | စစ်ကိုင်း | ၇.၂ |
| ၉ | ဟုမ္မလင်း | ၆.၇ |
| ၁၀ | ညောင်ဦး | ၆.၈ |
| ၁၁ | မုံရွာ | ၆.၆ |
| ၁၂ | ပျဉ်းမနား | ၇.၀ |
| ၁၃ | ပြင်ဦးလွင် | ၆.၉ |
| ၁၄ | ကလေးဝ | ၆.၆ |
| ၁၅ | မကွေး | ၆.၉ |
| ၁၆ | အောင်လံ | ၇.၁ |
| ၁၇ | လွိုင်ကော် | ၆.၈ |
| ၁၈ | စစ်တွေ | ၆.၈ |
| ၁၉ | ပြည် | ၇.၂ |
| ၂၀ | တောင်ငူ | ၆.၈ |
| ၂၁ | ပုသိမ် | ၆.၈ |
| ၂၂ | မော်လမြိုင် | ၆.၅ |
| ၂၃ | ဘားအံ | ၆.၈ |
| ၂၄ | ထားဝယ် | ၆.၅ |




## ကျိုက်ထိုမြို့နယ်၌ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များနှင့် ပစ္စည်းကိရိယာများ အသင့်စုဖွဲ့ပြင်ဆင်

ကျိုက်ထို မေ ၁၇

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ကူညီကယ်ဆယ်နိုင်ရေးအတွက် ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များနှင့် ပစ္စည်းကိရိယာများ အသင့် စုဖွဲ့ပြင်ဆင်ထားရှိခြင်းကို မေ ၁၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

ထိုသို့ပြင်ဆင်ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲညွန့်ထွေး ဦးဆောင်ကာ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၂၅ ဦးတို့က ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများကို စနစ်တကျစစ်ဆေးခြင်းနှင့် အရေးပေါ်အခြေအနေတွင် ချက်ချင်းထွက်ခွာနိုင်ရန် အသင့်စုဖွဲ့ပြင်ဆင်ထားရှိခြင်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပြည်သူများ အသက်အိုးအိမ်စည်းစိမ်ကို အချိန်မီကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ယခုကဲ့သို့ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။ **ပြည့်ဖြိုး(ပြန်/ဆက်)**



## MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲ ဇွန်လဆန်းပိုင်းတွင် ကျင်းပမည်

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီသည် ၂၀၂၆ MFF အပျော်တမ်းဖူဆယ်ပြိုင်ပွဲကို ဇွန်လဆန်းပိုင်းတွင် အသင်းစုစုပေါင်း ၈၀ ဖြင့် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံနှင့် သုဝဏ္ဏမြို့နယ်ရှိ YCDC Marga ဖူဆယ်အားကစားရုံတွင် ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ရောက်ရှိသည့် လေးသင်းမှာ ယခုနှစ်အတွင်း ကျင်းပမည့် MFF ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ထို့ပြင် ဗိုလ်လုပွဲရောက်ရှိသည့်နှစ်သင်းမှာ လာမည့်ရာသီ MFF ဖူဆယ်လိဂ်–၂ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရမည့် အခွင့်အရေးရှိနေပြီး ပြီးခဲ့သည့်ရာသီ MFF ဖူဆယ်လိဂ်–၂ မှ တန်းဆင်းလာရသည့်နှစ်သင်းနှင့် Play-off ပြန်ကစားကာ အနိုင်ရပါက တန်းတက်ကစားခွင့်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးအဖြစ် တစ်သင်းလျှင် ကျပ်သုံးသိန်းသတ်မှတ်ထားပြီး အာမခံကြေး ကျပ်နှစ်သိန်းနှင့်အတူ မေ ၁၉ ရက်မှ ၂၃ ရက်အတွင်း စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ ဆုကြေးအဖြစ် ပထမဆု ကျပ်သိန်း ၇၀၊ ဒုတိယဆု ကျပ်သိန်း ၅၀၊ တတိယဆု ကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ပြီး ဖူဆယ်နှင့် ဘောလုံး ပဏာမလက်ရွေးစင်ကစားသမားများ၊ လက်ရွေးစင်ကစားသမားများ၊ လူငယ်လက်ရွေးစင်ကစားသမားများ၊ ဖူဆယ်လိဂ်–၁ နှင့် လိဂ်–၂၊ ပြည်တွင်းဘောလုံးလိဂ်အားလုံးတွင် ပါဝင်ကစားထားသူများ ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ **ရှိုင်းထက်ဇော်**

## အွန်လိုင်းမီဒီယာအသုံးပြုသူများသိစေရန် ထုတ်ပြန်ခြင်း

၁။ ၂၀၂၆ ခုနှစ် မေလ ၄ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူသို့ အသိပေးကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ထုတ်ပြန်ရာတွင် တရားမဝင် အခကြေးငွေရယူ၍ ပွဲစားအဖြစ် ဆောင်ရွက်နေသော အကောင့်များပါဝင်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအား အထင်အမြင်မှားစေသည့် ပြောဆိုချက်များပါဝင်သည့် Shwe Yamin (@shwe.yamin297) အကောင့်ကိုပါ ထည့်သွင်းထုတ်ပြန်ခဲ့ပါသည်။

၂။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများအား တိကျစွာထုတ်ပြန်ထားသကဲ့သို့ မည်သို့ပြုလုပ်ရမည်ကို ပြည်သူလူထုအနေဖြင့် ရှင်းလင်းစွာသိရှိစေရန် ရည်ရွယ်၍ သက်ဆိုင်ရာရုံးများတွင်လည်း Vinyl များ ချိတ်ဆွဲခြင်း၊ Pamphlet များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၃။ သို့ရာတွင် အချို့ရုံးများ၌ ပြည်သူလူထုအနေဖြင့် ကိုယ်တိုင်ဆောင်ရွက်ခြင်းမရှိဘဲ ပွဲစားများနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခဲ့သောကြောင့် မလိုလားအပ်သည့် အုပ်ချုပ်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပွဲစားများနှင့် ပါဝင်ပတ်သက်ခဲ့သည့် ဝန်ထမ်းများအား ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၄။ ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရသစ် တာဝန်ယူသည့်ကာလ၌ နိုင်ငံတော်အကြီးအကဲ ၏ လမ်းညွှန်ချက်နှင့်အညီ ရက်(၁၀၀) စီမံချက်ဖြင့် ဥပဒေအရ အကျုံးဝင်သည့် ပြည်သူလူထုများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာရရှိစေရန် လမင်းစီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့်ကာလဖြစ်ပါသည်။

၅။ သို့ရာတွင် Shwe Yamin (@shwe.yamin297)အနေဖြင့် ယင်း၏မူလတာဝန်ဖြစ်သော Kyaw ကား/ဆိုင်ကယ် မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းကြော်ငြာမှုအား ကျော်လွန်၍ ဝန်ကြီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းထုတ်ပြန်ထားခြင်းများအား မျက်ကွယ်ပြုကာ မြန်မာလူမျိုးတို့အနေဖြင့် အိမ်ပိုင်ယာပိုင်မရှိသူများ၊ အိမ်ငှားဖြင့် နေထိုင်ကြသူများအနေဖြင့် အိမ်ထောင်စုဇယားမရတော့မယ့် အခြေအနေ ဖြစ်နေကြပြီ၊ ဘယ်လိုလုပ်ကြမလဲဟု ပြောဆိုရေးသားခဲ့ခြင်း၊ အခုရုံးပိုင်းဆိုင်ရာဆိုရင် ပေးသင့်တာပေး၊ ဝင်သင့်တာဝင်၊ ထွက်သင့်တာထွက်ဟု ပြောဆိုခဲ့ခြင်းများသည် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရက်(၁၀၀) လမင်းစီမံချက်အား ထိခိုက်ပါသည်။ သို့ဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် Shwe Yamin အကောင့်အား တရားဝင် ထည့်သွင်းထုတ်ပြန်ရခြင်းဖြစ်ပါသည်။

၆။ ဝန်ကြီးဌာနဝန်ထမ်းများသည် ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျော်လွန်၍ ဆောင်ရွက်ပါက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ဝန်ကြီးဌာနသို့ ဝန်ထမ်း၏ အမည်၊ ရုံးအမည် ဖြစ်ပွားသည့်အချိန်ကာလ၊ ဖြစ်စဉ်အကျဉ်းတို့ကို အထောက်အထားများဖြင့် တိုင်ကြားပါက ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် သတင်းခိုင်လုံမှုမရှိဘဲ အွန်လိုင်းမှ ထုတ်ပြန်မှုများအတွက် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊သီရိဇေယျာလမ်းတွင်တည်ရှိသည့် မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မြေကွက်အမှတ်(၇၆၁)ဟုခေါ်တွင်သည့် ပါမစ်အမည်ပေါက် ဒေါ်မြင့်မြင့်အေး အမည်ဖြင့် နေရာချထားပေးထားသည့် အကျယ်ဝန်းအားဖြင့် အလျား(၄၀)ပေ၊ အနံ(၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်တွင် ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပါမစ်မူရင်းအပါအဝင် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအရောင်းအဝယ်ပြုလုပ်သည့်အချိန်အထိ အမွေစားအမွေခံမှစ၍ အရှုပ်အရှင်းကင်းရှင်းပြီး အရောင်းအဝယ်ပြုလုပ်နိုင်သည့် ပစ္စည်းအရပ်ရပ်တို့ဖြစ်ကြောင်း ဒေါ်နီလာ [၁၂/အစန(နိုင်)၀၁၂၅၅၀]မှ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေယံထစ်ချုန်းမှ ဝယ်ယူရန်အတွက် (၁၅-၅-၂၀၂၆)ရက်နေ့တွင် ဝင်းခြံမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည်။ ထိုကြောင့် အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေစား၊ အမွေခံအပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစတင်၍ (၁၄)ရက်အတွင်း တိကျခိုင်မာသော ပါမစ်မူရင်းအပါအဝင် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅)**
**အမှတ်(၆၀)၊ (ဘီ၂)၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၀၁၁၅၄၆၀၀၊ ၀၉-၄၅၀၀၄၆၆၈၆**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁-ရပ်ကွက်၊ အနောက်/ထူပါရုံ- ၁၇ လမ်း၊ တိုက်အမှတ်- ၇၈၁၊ အခန်းအမှတ်- ပထမထပ် (ညာဘက်) ဟုခေါ်တွင်သော (၁၅ပေx၅၄ပေ) အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးတင်လတ်(ဘ) ဦးထွန်းနိုင် [၁၂/သကတ(နိုင်)၁၀၉၃၀၂]မှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း မူရင်းစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့သက်ထား(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၀)**
**အမှတ်(၈၉၇)၊ ဗိုလ်လင်းယုန်လမ်း၊ (၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၀၁၁၆၃၈၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ ပုလဲလမ်း၊ မြေကွက်အမှတ် (၁၃၉/ခ)၊ (၅)ထပ်တိုက်၏ (၅)လွှာ၊ စတုတ္ထထပ်၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ထိုတိုက်ခန်းနှင့်ပတ်သက်သည့် ရေ၊ မီး၊ မီတာ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချစီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ချောစုလှိုင် [၁၂/ရကန(နိုင်) ၀၆၃၁၇၁]မှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းဝင်းမော် [၁၂/ဥကတ(နိုင်)၀၁၂၀၃]ကို အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်း၍ (၁၅- ၉- ၂၀၂၅)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကျန်ရှိသည့်ငွေအား ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းမော်မှ (၁၅- ၆- ၂၀၂၆)ရက်နေ့တွင် အပြီးသတ် ပေးချေမည်ဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက သက်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဝင်းဝင်းမော်**
**[၁၂/ဥကတ(နိုင်)၀၁၂၀၃]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာအောင် (ကနောင်)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၅၁)**
**အမှတ်(၈၄-က)၊ တကောင်း(၅)လမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၆၂၉၆၉၅၉**
**ဒေါ်ဇင်မာဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၇၀)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၆)၊ လူနေရပ်ကွက်အမှတ်(၁၈)ရပ်ကွက်၊ အောင်ဆန်းသူရိယလမ်း၊ အမှတ် (၇၇၈ခ) ဟုခေါ်တွင်သော မြေအကျယ် (၂၀x၆၀)ပေရှိသည့် ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့တွင် ဦးအောင်သိန်းအမည်ဖြင့် မှတ်သားတည်ရှိကြောင်း၊ ယင်းမြေကွက်နှင့်တကွ မြေကွက်ပေါ်ရှိ ရေမော်တာနှင့် လျှပ်စစ်မီးပါသော အောက်ထပ်(၅)ခန်း၊ အပေါ်ထပ်(၅)ခန်း စုစုပေါင်း အခန်း(၁၀)ခန်းပါသည့် (၂)ထပ်တိုက်အိမ်(၁)လုံး၊ ဦးအောင်သိန်းအမည်ပေါက် မြေချပါမစ်မူရင်း (၁)စုံနှင့်တကွ ဆက်နွှယ်လျက်ရှိသော စာရွက်စာတမ်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ယခု စရန်ငွေလက်ခံသူ ဒေါ်ဆွေဆွေဦး [၁၂/ဥကမ(နိုင်)၂၀၄၄၀၁]က အရပ်ကတိစာချုပ်များချုပ်ဆိုကာ မြေအမည်ပေါက်ထံမှ အဆင့်ဆင့်လွှဲပြောင်းဝယ်ယူခဲ့ပြီး စဉ်ဆက်မပြတ် လက်ရှိထား၊ နေထိုင်၊ ပိုင်ဆိုင်သူဖြစ်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းများကင်းရှင်းကြောင်းနှင့် ပိုင်ဆိုင်မှုခိုင်မာကြောင်း၊ ကျွန်ုပ်မိတ်ဆွေ(သို့မဟုတ်) ၎င်း ညွှန်ပြသူများ၏ အမည်ပေါက်စေရန် ဆောင်ရွက်ခွင့်ရှိလာမည်ဆိုပါကလည်း လိုအပ်သောကိစ္စများအားအခကြေးငွေ မတောင်းဆိုဘဲ လူကိုယ်တိုင်လိုက်လံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အရှုပ်အရှင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကလည်း ပြေလည်သည့်တိုင် ဖြေရှင်းပေးမည်ဖြစ်ပြီး ပြေလည်မှုမရရှိဘဲ တစ်စုံတစ်ရာ နစ်နာ၊ ဆုံးရှုံးရမည်ဆိုပါက ၎င်းရယူထားသော စရန်ငွေအပြင် (၂)ဆတိတိ ငွေကြေးများအား ချက်ချင်းပေးလျော်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုကာ အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ဒေါ်ဆွေဆွေဦးက ကျွန်ုပ်မိတ်ဆွေများထံ ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးမိုးချစ်[၈/နမန(နိုင်)၁၄၉၁၁၂] နှင့် ဒေါ်တင်နွယ်ဝင်း [၈/နမန(နိုင်)၁၅၈၂၂၃] တို့ကလည်း အပြီးအပိုင်ဝယ်ယူရန် သဘောတူညီကာ ရောင်းဖိုးငွေကြေးများအနက်မှ စရန်ငွေများအား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်တကွ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည်အထိ လာရောက်ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေများမှ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမိုးချစ်၊ ဒေါ်တင်နွယ်ဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမွန်သင်း(LL.B,C.B.L)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၁၂)**
**အမှတ်(၄၄၈)၊ မင်္ဂလာလမ်း၊ (၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၄၈၂၃၄၈၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ်-(၅၆၃)၊ ဦးပိုင်အမှတ်၊ (၉-က+၉-င+၉-စ+၉-ဆ) အတွင်းမှ (၉-က) ခဲစင်း၊ ၈၅(E)လမ်း၊ ၃၂x၃၃လမ်းကြားရှိ ဦးအောင်ကြည်၊ ဒေါ်ကြည် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၄၄/၂၀၂၅) ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ရီရီ၊ ဒေါ်ရီရီစန်း၊ ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်ဆွေအေး၊ ဦးဝင်းသန်း၊ ဦးတင်ကြွယ်၊ ဒေါ်မူမူခင်(ခ) မူမူတို့ (၇)ဦးအနက် ဒေါ်ရီရီ ပါ (၆)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၃၀/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဒေါ်ခင်ဆွေအေး[၉/မရမ(နိုင်)၀၁၄၅၆၆]က အမှုတွဲအမှတ် (၀၀၀၅/ဘခွဲ(ပြောင်း)/၂၀၂၆-၂၀၂၇) ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၀) ရပ်ကွက်၊ အကွက်အမှတ်- အ-၁၄၊ ဦးပိုင်အမှတ်- ၄၃/၆၄x၆၅ လမ်းကြား၊ ၁၁၉ လမ်းနှင့် ပရန်တော်ချောင်းကြားရှိ ဂရန်အမည်ပေါက်မြေကွက်အား အမည်ပေါက်သူ ဦးတင်ဝင်း [၉/မရမ(နိုင်) ၀၇၀၄၅၃]က သက်တမ်းတိုးလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် "ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့်လက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည်ပျက်ပြယ်သည်" ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံး ဂရန်စာချုပ် ထုတ်ယူခွင့်ပြုပါရန်နှင့် ပျောက်ဆုံးသွားသောဂရန်အမှုတွဲအမှတ် (၁၂၄၃/၂၀၀၀-၂၀၀၁)အား ဌာနမှပယ်ဖျက်သွားမည်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်အမှတ်(၇၅) ခဲစင်း၊ ၅၂x၅၃ကြား၊ ၁၁၀ x ၁၁၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်၏ (GP ရရှိသူ ဦးသိန်းဌေးနိုင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၃၅၄၀/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မီမီကျော်ဦး [၅/မမန(နိုင်) ၀၆၈၄၅၄]က အမှုတွဲအမှတ် (၀၁၈၆/၂၀၂၆-၂၀၂၇) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီ**
**သုဉ်း၏**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကန်ဘဲ့ဘူတာရုံလမ်း၊ Kanbae Tower Condo ၊ Block (C)၊ အလွှာ (25)၊ အခန်းအမှတ်(2506) ၊အကျယ်အဝန်း (1121.49) ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင်ပါရှိသော ဆက်စပ်တွယ်ကပ်လျက်ရှိသော လျှပ်စစ်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့် အပြည့်အဝရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းအေး [၁၂/မဘန(နိုင်) ၀၉၇၀၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီ၍ အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်း တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီလှဲ့ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၅၉/၂၁-၁၂-၂၀၂၁)**
**အမှတ်-၁၂/၃-လွှာ(ညာ)၊ မနောဟရလမ်း တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ 09-799866343**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ်-၁၀၉၊ ဦးဘညီ၊ ဒေါ်လှကြည်ပူးတွဲအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ (ဦးဘညီအခြမ်း)၊ အမှတ်(၁၀၉/က)ဟု သတ်မှတ်ခေါ်တွင်သည့် အကျယ်အဝန်း(၁၀x၆၀)ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဘညီ၏ဇနီး ဒေါ်လှကြည် [၁၂/ဥကမ(နိုင်)၀၉၂၀၃၅]နှင့် သားသမီး(၅)ဦးတို့မှ တရားဝင်အကျိုးခံစားခွင့်ရှိ၍ လွှဲပြောင်းရောင်းချခွင့်ရှိကြကြောင်း ဝန်ခံပြောဆိုကြသဖြင့် ၎င်းတို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာထွန်း [၁၂/ဥကမ(နိုင်) ၁၈၁၁၄၅]က စရန်ငွေပေးချေထားပြီးဖြစ်၍ ထိုအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန္တာထွန်း၏ လွှဲအပ်ချက်အရ -**
**ဒေါ်ဝေဝေမြိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၂၃)**
**အမှတ်(၂၂၁)၊ ဒေါနလမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၀၄၀၁၂၆**

## ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း တ/န -ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ တိုက်အမှတ်( ၂၄ ) (၇-လွှာ) (ခြေရင်းဘက်ခြမ်း) (၁၂ပေx၅၀ ပေ)ရှိ ဒေါ်ခင်မိုးကြည်ပိုင်ဆိုင်သည့် တိုက်ခန်းအကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါတိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်ခင်မိုးကြည် [၁၄/ညတန(နိုင်)၀၀၀၄၉၅]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးခိုင်ဌေး(LL.B,D.B.L,D.I.L)** | **ဒေါ်ခိုင်ဦးသူ (LL.B,D.B.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)** |

**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၅၈၈၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ကျောင်းကုန်း(၁)လမ်း၊ အမှတ်(၁၅)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃)ထပ်ခွဲ (ထပ်ခိုးပါ)တိုက်၏ ဒုတိယထပ်၊ (၃)လွှာ၊ (တိုက်ဘက်ကိုမျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂.၅x၅၀)ပေရှိ ရေ၊ မီးအစုံပါ တိုက်ခန်းနှင့်တကွ တိုက်အမှတ်(၁၅)ခေါင်းရင်းဘက်ခြမ်း၏ မြေပိုင်ဆိုင်မှု၊ မြေရှင်လက်မှတ်ရေးထိုးခနှင့် မြေရှင်အကျိုးခံစားပိုင်ခွင့်အရပ်ရပ်တို့အား မြေရှင်ထံမှ လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးလေးနွယ် [၁၂/လမန(နိုင်)၁၂၀၄၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ခိုင်လုံသောအထောက်အထား ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
|---|---|
| **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)** | **ဦးမင်းမင်း(စဉ်-၂၇၃၂၀)** |
| **ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)** | **ဦးဇာနည်အောင်(စဉ်-၄၉၉၆၀)** |
| **ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |

**အမှတ်-(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း- ၀၉-၅၁၄၃၈၀၂၊ ၀၉-၅၁၈၁၁၈၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၄)၊ မြေညီထပ်(ခြေရင်းခန်း)၊ အခန်းအမှတ်(B)၊ အကျယ်အဝန်း(၁၂ပေx၅၀ပေ)အကျယ်ရှိ ရေ၊ မီးအစုံပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ရင်ရင်အေး [၁၂/ကမရ (နိုင်)၀၀၃၅၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| တရားလွှတ်တော်ရှေ့နေများ | အထက်တန်းရှေ့နေများ |
|---|---|
| **ဦးဝဏ္ဏဇော် (စဉ်-၉၇၈၀)၊ ဒေါ်အိအိစံ(စဉ်-၁၀၂၁၈)** | **ဦးမင်းမင်း (စဉ်-၂၇၃၂၀)** |
| **ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)၊ ဒေါ်စိုးစိုးနွယ် (စဉ်-၁၄၁၈၃)** | **ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)** |
| **ဒေါ်အေးမွန်သိန်း (စဉ်-၁၆၂၆၉)** | |

**အမှတ်(၁၅၆)၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉- ၅၁၈၁၁၈၅၊ ၀၉- ၅၁၄၃၈၀၂**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ သရဖီလမ်း၊ အမှတ်(၅၅၃)တွင် နေထိုင်သူ ဒေါ်မြင့်မြင့်မော်[၈/မဘန(နိုင်)၁၁၅၄၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

ရွှေမော်
စားသောက်ကုန်

အထက်ဖော်ပြပါ "ရွှေမော်"ဟူသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဒေါ်မြင့်မြင့်မော်[၈/မဘန(နိုင်)၁၁၅၄၃၂]မှ မိမိတစ်ဦးတည်း မူပိုင်အမှတ်တံဆိပ်အမည်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်(၄/၃၅၅၇)ဖြင့် (၅-၅-၂၀၂၆) ရက်နေ့တွင် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အသင့်စားစားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး ထည့်သွင်းထုပ်ပိုးကုန်ပစ္စည်းများပေါ်တွင် တံဆိပ်ရိုက်နှိပ်ကာ ထုပ်ပိုးမှုပုံစံအမျိုးမျိုးဖြင့် ငွေပြေစာဖြတ်ပိုင်းများ၊ တံဆိပ်တုံး၊ Website, Social Media တို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အလုံးစုံဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်မှုကြောင်းအရဖြစ်စေ၊ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းဝင်းဝင်းသန့် (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၀၀)**
**ရုံး-အမှတ်(၈၇၁)၊ ပထမထပ်(A)၊ ရတနာပုံ(၄)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၂၃၄၂၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ်(၅၄)၊ ခေါင်းရင်းခန်း၊ (၃)လွှာ (၁၂ ၁/၂'x၅၀')အခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနီလင်း[၁၂/စခန(နိုင်) ၀၀၃၁၅၄]ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းရွှေ**
**(၂၁၃-ဗဟိုလမ်း/စမ်းချောင်း)**
**ဖုန်း-၀၉-၇၆၆၃၃၃၆၈၆**

## အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ်(၂၉)နေ ဦးကောင်းထက်အောင် [၁၄/မမန(နိုင်)၂၂၃၀၆၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည် -

ကျွန်ုပ်မိတ်ဆွေသည် မိမိ၏နေ့စဉ် လူမှုရေး၊ စီးပွားရေးလုပ်ငန်းဆောင်တာများကို တရားဥပဒေနှင့်အညီ လွတ်လပ်စွာ သွားလာလှုပ်ရှားဆောင်ရွက်နေသူတစ်ဦး ဖြစ်ပါသည်။

သို့ရာတွင် မသမာသူအချို့(သို့မဟုတ်) တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်မိတ်ဆွေ သွားလာလှုပ်ရှားရာနောက်သို့ လိုက်လံထောက်လှမ်းခြင်း၊ ကာယကံရှင်၏ သဘောတူညီချက်မရှိဘဲ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းများ ခိုးယူရိုက်ကူးခြင်း၊ CCTV ကင်မရာမှတ်တမ်းများကို အလွဲသုံးစားပြု၍ ရယူခြင်းများ ပြုလုပ်နေကြောင်း သိရှိရပါသည်။

ထိုသို့ ရယူထားသော ဓာတ်ပုံ၊ ဗီဒီယိုနှင့် အချက်အလက်များကို TikTok, Facebook, Viber, Telegram, Instagram အစရှိသည့် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကာယကံရှင်၏ ခွင့်ပြုချက်မရှိဘဲ ဖြန့်ဝေခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ရည်ရွယ်၍ မဟုတ်မမှန်သတင်းများ လုပ်ကြံပြောဆို ရေးသားခြင်းများသည် လူပုဂ္ဂိုလ်တစ်ဦး၏ လွတ်လပ်ခွင့်နှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုကို ထိပါးနှောင့်ယှက်ခြင်းဖြစ်သည့်အပြင် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်ရာရောက်ပါသည်။

သို့ဖြစ်ပါ၍ ဤသတိပေးချက်ကို လိုက်နာခြင်းမရှိဘဲ ဆက်လက်ကျူးလွန်ပါကသော်လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေအား ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ ပြုလုပ်ဆောင်ရွက်မှုများ တွေ့ရှိရပါကသော်လည်းကောင်း သက်ဆိုင်ရာတည်ဆဲဥပဒေများ (ဥပမာ-အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ)အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇေရဲမင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၇၁)**
**အမှတ် (၁၄၆)၊ သမာဓိ(၄)လမ်း၊ ဆ/က-ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၈၂၂၀၉၀၂၂၃၊ ၀၉-၇၆၀၉၅၄၀၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စာ၀(၂၂)လမ်း၊ တိုက်အမှတ်(၆၂၁/ခ)၊ (၁)ခန်းတည်း (၆)ထပ်တိုက်၏ မြေညီထပ်(ထပ်ခိုးပါ)၊ (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ခိုင်သဇင်[၁၂/လမန(နိုင်)၁၃၅၄၁၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲသီဟအောင်[၁၂/ဒဂန(နိုင်)၀၂၇၆၅၀]၊ ဒေါ်သိမ့်ပြည့်ဖြိုးဦး [၁/မကန(နိုင်)၁၃၉၈၅၁]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဉာဏ်မင်းထက်(LL.B,DIPL,PGDB) ဒေါ်ယုဇန်ကို(LL.B,PGDB)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂) အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**
**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အများသိစေရန် အသိပေးကြေညာချက်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျွဲခြံကုန်းရပ်ကွက်၊ ဗုဒ္ဓဝင်ဘုရားလမ်း၊ အမှတ်(၁၃၅)တွင် နေထိုင်သော ဦးအောင်မော်(ဘ)ဦးကူမာရ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/မလမ(နိုင်)၂၃၅၁၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည် -

Pop Pin
(Mon)

**မှတ်ပုံတင်အမှတ်(၅၉/၂၀၂၆)**

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားမှာ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၅၉/၂၀၂၆)ဖြင့် မိမိကိုယ်ပိုင်အဖြစ် မုန့်မျိုးစုံထုတ်လုပ်ရောင်းချရာတွင် အသုံးပြုရန် မှတ်ပုံတင်သွင်း ကြေညာထားပြီးဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြစ်သည့် "Pop Pin (Mon)" အမည်ဖြင့် ပေါင်မုန့်၊ ကိတ်မုန့်၊ ဘီစကွတ်စ်မုန့်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနှံ့အပြားတွင် ဖြန့်ချိသုံးစွဲ ရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသား တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုအပ ပြုလုပ်ခြင်းဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက အကျိုးစီးပွားထိခိုက်နစ်နာစေမှုအတွက် လျော်ကြေးငွေတောင်းခံသွားနိုင်ရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအရဖြစ်စေ၊ တရားမကြောင်း၊ ရာဇဝတ်ကြောင်းတို့အရဖြစ်စေ ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးမိုး(LLB)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၉၂)**
**အမှတ်(၅၉၈/က)၊ တိုးချဲ့(၂)လမ်း၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့။**
**ဖုန်း-၀၉-၂၅၅၈၁၅၂၉၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၁၆၆)ဟုခေါ်တွင်သော မြေဧရိယာ(အလျား၂၅ပေ x အနံ ပေ၅၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC (၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အဦမှ ရေမီးအပြည့်အစုံ (ဒုတိယထပ်) (၃–လွှာ) (ခေါင်းရင်းဘက်ခြမ်း) တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်စစ်ပိုင်ထွဋ် [၁၂/သကတ(နိုင်)၁၉၄၀၆၁]နှင့် ဒေါ်နှင်းမို့မို့ဝေ [၅/ကဘလ(နိုင်)၂၀၂၈၇၃]ကိုင်ဆောင်သူတို့မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူ ပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်း ရောင်းချလိုကြောင်း စကားကမ်းလှမ်းချက်အရ အဆိုပါ တိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ရောင်းချသူ ဦးအောင်စစ်ပိုင်ထွဋ်နှင့် ဒေါ်နှင်းမို့မို့ဝေတို့ထံသို့ စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသက်နောင်ဦး**
**[၁၂/သကတ(နိုင်)၁၀၉၉၉၀]**

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဦးအောင်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၉၈၈၂)၊ (၂၉–၄–၂၀၁၄)**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊**
**၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**PH; ၀၉–၄၅၇၂၉၃၄၄၊ ၀၉–၄၄၃၁၉၃၃၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃)၊ မြေကွက်အမှတ်(၆၅၆) အကျယ်အဝန်း(၄၀.၆ပေx၆၀ပေ) (၂၄၃၀စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ (၂)လုံးအပါအဝင် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဂရန်အမည်ပေါက် ဦးသန်းငွေ LPN–၀၇၅၇၁၀မှ မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ ပေးကမ်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား(စရန်ငွေ)အဖြစ် ဦးသန်းငွေထံ ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍(၇–ရက်)အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေအရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆုမြတ်အောင်**
**(တရားလွှတ်တော်ရှေ့နေ) စဉ် – ၈၄၅၇**
**LL.B, D.B.L, D.I.L, D.IP.L, Dip in Global English**
**PGDCWE, DL–DIP (101,202,302,317) (Switzerland)**
**ဒေါ်အေးနန္ဒာလင်း (LL.B)** **ဒေါ်မြတ်သီရိဇော် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၃၄၇၅ (အထက်တန်းရှေ့နေ) စဉ်–၅၂၃၃၄**
**အမှတ်(၁၃၂၅)၊ ရွှေပြည်သာ(၆)လမ်း၊ (၃၂)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း – ၀၉–၅၀၂၅၅၈၃၊ ၀၉–၉၆၅၀၂၅၅၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၅၆)၊ ဦးပိုင်အမှတ်(၁၅–က)၊ ၅၄x၅၅ကြား၊ ၃၈x၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဥမ္မာမြင့်၏ (SP ရရှိသူ ဒေါ်ကော်ရှောက်ချင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၆၉၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကျိန်ပိဖိန်း [၁၃/တမည(နိုင်)၀၀၂၄၁၀]၊ မောင်ကောင်းပြည့်နိုင်၏ ကိုယ်စား (မိခင်ဖြစ်သူ ဒေါ်ကျိန်ပိဖိန်းမှ တာဝန်ယူ လက်မှတ်ရေးထိုးပြီး) အမှုတွဲအမှတ်(၀၁၃၉/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၄၉)၊ ဦးပိုင်အမှတ်(၁၀၁–က)၊ ၇၆x၇၇ကြား၊ ၃၆x၃၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ကိုကို၊ ဒေါ်အေးသီတာ၏ (SP ရရှိသူ ဦးခင်မောင်လတ်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးလွင်ကိုကိုလတ် [၉/ခအဇ(နိုင်)၀၆၅၇၈၆]၊ ဒေါ်ခင်နှင်းပွင့်ဖြူ [၉/ခအဇ(နိုင်)၀၆၅၇၈၇]တို့က အမှုတွဲအမှတ်(၀၁၅၂/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၄၁)၊ ဦးပိုင်အမှတ်(၈၂)၊ ၄၂လမ်း၊ ၅၂လမ်းနှင့် မန္တလေး–ပြင်ဦးလွင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးရဲမင်း၊ ဒေါ်မြင့်မြင့်ခိုင်၏ (SP ရရှိသူ ဒေါ်ဖြူဖြူလင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၃၇၃၀/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးလောမြင့် (ခ) မြင့်စိန် [၁၃/တကန(ဧည့်)၀၀၀၇၇၉]က အမှုတွဲအမှတ်(၀၁၆၁/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(27–C–3)၊ မြေကွက်အမှတ်(၁၃၅–အေ)၊ ဧရိယာ(၀.၀၃၆ဧက)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁–က)၊ ဦးဖိုးလမ်းနှင့် မင်းလမ်းထောင့်၊ စမ်းချောင်း (တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နုနန္ဒာသန်း[၁၂/တမန(နိုင်)၀၉၅၄၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉– ၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၁၅၀–ရပ်ကွက်၊ မြေကွက်အမှတ်(၁၀၁၇)၊ ဦးဘတင်(ခ)ရဲကျော် အမည်ပေါက်ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရှုပ်အရှင်းကင်း၍ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဇေယျာစိုး [၁၄/မအပ(နိုင်)၂၀၈၀၈၂] ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးဇင်[၇/ပမန(နိုင်)၀၉၉၅၉၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုမြတ်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၅၁၉/၂၀၂၁)**
**တိုက်–၂၁၅၊ ဒုတိယထပ်၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၆၅၇၈၄၆၈၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ–၁၃)၊ ဦးပိုင်အမှတ်(၄၆)၊ ၅၀x၅၁လမ်းကြား၊ ၁၁၇x ၁၁၈ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ဦးတင်သောင်း [၁၄/မအန(နိုင်)၀၁၃၅၇၄] (၎င်း၏GP ရရှိသူ ဒေါ်ကြည်စိန်း)က တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဂရန်ပျောက်လျှောက်ထားဆဲဖြစ်ရာ ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ပြီး ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ပျောက်ဆုံးသွားသော တောဂရန်အမှုတွဲအမှတ် (၂၄၁၆/၉၂–၉၃)အား ပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်ရပ်ကွက်၊ နဝရတ်(၁)လမ်း၊ အမှတ်–၂၆တွင် နေထိုင်သူ ဦးအောင်ကိုကိုနိုင်(ခ)ဦးချစ်သဲ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/မဂဒ(နိုင်)၁၄၁၀၆၆] ကိုင်ဆောင်သူ (ဘ)ဦးကျော်မြင့်၏ သားဖြစ်သူ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ၏ အပြည့်အစုံ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်နှင့် ဒေါ်တင်တင်ချိုတို့သည် လွန်ခဲ့သော ၂၀၀၈ ခုနှစ်ကတည်းက တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။

ထိုသို့ပေါင်းသင်းခဲ့ရာမှ လင်မယား(၂)ဦး ကြိုးစားရှာဖွေလုပ်ကိုင်လာရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်ရပ်ကွက်၊ နဝရတ်(၁)လမ်း၊ ခြံအမှတ်(၂၆) မြေအကျယ်အဝန်း(၃၀x၆၀)ပေ မြေကွက်ရှိ (၂)ထပ်တိုက်(၁)လုံး၊ ပျဉ်ထောင်အိမ်(၂)လုံးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်းကျေးရွာ၊ ရွှေစေတီ(၄)လမ်းရှိ အမှတ်–မရှိ၊ မြေအကျယ် (၁၀x၃၀)ပေရှိသွပ်မိုး၊ ပျဉ်ခင်း၊ ကျောက်ပြားကာ နေအိမ်(၁)လုံးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပတ္တမြားမြို့သစ်ရပ်ကွက်၊ ပတ္တမြားဈေးရုံအတွင်းရှိ ဆိုင်ခန်း(၂)ခန်းတို့အား ထွန်းကားခဲ့ပါသည်။

ထိုသို့ပစ္စည်းများထွန်းကားခဲ့ပြီးနောက် လင်မယားနှစ်ဦးမှာ အဆင်မပြေသဖြင့် ယခုအခါ ဒေါ်တင်တင်ချိုမှ အဆိုပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအား မိမိတစ်ဦးတည်း၏ သဘောအတိုင်း ရောင်းချမည်ဟု သိရှိနေသောကြောင့် အထက်ပါ လက်ထပ်ပွားပစ္စည်းများအား ဒေါ်တင်တင်ချို တစ်ဦးတည်း၏ရောင်းချမှုကို လက်မခံနိုင်ကြောင်းနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်၍ အထက်ပါလင်မယားနှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများအား ကျွန်ုပ်အမှုသည်မှမသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးခင်မောင်တင် (စဉ်–၁၄၂၆၄)** | **ဦးထွန်းအောင်ဝင်း(စဉ်–၅၆၈၃၃)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |
| **အမှတ်–၁၆၀/ခ၊ ရွှေဝါထွန်း** | **အမှတ်–၅၂၂(က)၊ မကွေးလမ်း၊** |
| **(၁)လမ်း၊ (၁၂)ရပ်ကွက်၊** | **(၁၀)ရပ်ကွက်၊ လှိုင်သာယာ** |
| **လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်** | **(အနောက်ပိုင်း)မြို့နယ်** |
| **ဖုန်း– ၀၉–၇၇၁၂၃၃၀၆၆** | **ဖုန်း– ၀၉–၇၅၆၅၇၆၂၄၇** |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၁ရပ်ကွက်၊ အကွက်အမှတ်(မ–၈)၊ ဦးပိုင်အမှတ်(၂၆)၊ ၆၂လမ်း၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဒေါ်ရန်ဟွယ်အမည်ပေါက် ဂရန်မြေကွက်အား တရားမကြီးမှု(၁၉/၂၀၂၂)နှင့် တရားမဇာရီမှု(၇/၂၀၂၃)အရ လေလံအောင်ဝယ်ယူခဲ့သူ ဦးသက်သန်း [၉/မကန (နိုင်) ၁၃၉၈၂၃]က အမှုတွဲအမှတ်(၀၁၄၂/ ၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၉၄)၊ ဦးပိုင်အမှတ်(၁–စ)၊ ၄၁လမ်း၊ ၉၀x၉၁ လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူများဖြစ်သော ဒေါ်ခင်မမ[၉/မနတ(နိုင်)၀၃၈၁၀၁]၊ ဒေါ်ထွေးလတ် (ခ) လှဲ့လှဲ့ထွေး [၉/မနတ(နိုင်)၀၀၂၁၆၃]၊ ဒေါ်ထွေးငယ်[၉/မဟမ(နိုင်)၀၉၁၅၇၃] တို့က ဘိုးဘစာအုပ်ပေါ်တွင် ဒေါ်ထွေးငယ်၏ မှတ်ပုံတင်အမှတ်မှာ [၉/မနတ(နိုင်)၁၀၅၂၂၄] ဖြစ်ပြီး မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့တွင် [၉/မဟမ (နိုင်) ၀၉၁၅၇၃] ဖြစ်ပါသဖြင့် ဘိုးဘစာအုပ်ပေါ်တွင် အမှန်ပြင်ဆင်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ–၁၃)၊ ဦးပိုင်အမှတ်(၁၄၈)၊ ဧရိယာ(၀.၀၂၇၆)ဧက၊ ၆၀x၆၁ လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိမြေကွက်အား နေရာချထားပေးခြင်းခံရသူ ဦးကြည်တိုး [၉/မနမ (နိုင်) ၀၆၆၅၆၇]က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သစ် လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

သင့် သွေးဖြင့် အသက် ကယ်ပါ

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၆၃၂)၊ ဒူးယား(၃)လမ်း(ယခင်စကားဝါမြိုင်လမ်း)ဟုခေါ်တွင်သော(၄၀'x၆၀')အကျယ်ရှိ ဦးသန်းရှိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသောမြေကွက်အမှတ်(၆၃၃)နှင့်ကပ်လျက်ဘက်ခြမ်းရှိ (၁၀'x၆၀')အကျယ် ဂရန်(မိတ္တူခြမ်း)မြေကွက်အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြမြဝင်း[၁၂/ဥကမ(နိုင်)၀၂၂၄၅၅]က မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်၏မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၀၀၁၀၁၄၁၄၊ ၀၉–၄၃၁၁၄၁၄၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ–၂၁)၊ ဦးပိုင်အမှတ်(၁၂)၊ ၅၂x၅၃ကြား၊ ၁၀၈x၁၀၉လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ တပ်ကြပ်ကြီးမြသောင်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၄၇/၂၀၂၀)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ထွေးကြည် [၁၂/မဂဒ(နိုင်)၀၂၀၂၀၁]၏ (GP ရရှိသူ ဦးဝင်းထွန်း)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၀၁၄၆/၂၀၂၆–၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ ပန်းခြံ(၈)၊ လမ်းသွယ်(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(၁၂၆၉)၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးခင်မောင်စိုး အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိအရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ(၁)ဦးစိုးလွင် [၁၂/မရက(နိုင်)၀၇၉၅၁၇]၊ (၂)ဒေါ်စန်းစန်းနွယ်(ခ)ဒေါ်စိုးနှင်းအိ [၈/ပခက(နိုင်)၁၆၅၂၈၅] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမောင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၂၉)ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၃၉၁)၊ ဧရိယာ(၀.၀၆၃)ဧကရှိ ဒေါ်လှဲ့လှဲ့ဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားပြီး တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အဲမ်ခေါန်ဂျာ[၁၄/ရကန(နိုင်)၁၂၃၈၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့် အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**နန့်လှလှနွယ်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း(LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်အိအိခိုင်(ဘ)ဦးလှမြိုင်[၁၄/ကလန(နိုင်)၀၈၁၂၀၄]သည်ဦးဝင်းထိုက်(ဘ)ဦးလှမြိုင်ဆိုသူနှင့် မောင်နှမတော်စပ်ကြသော်လည်း တစ်အိမ်တည်းအတူနေထိုင်ခြင်းမရှိပါ။ ဦးဝင်းထိုက်သည် ၎င်း၏ကိုယ်ပိုင်စီးပွားရေးဖြင့် သီးခြားရပ်တည်နေထိုင်သူ တစ်ဦးလည်းဖြစ်ပါသည်။ ဒေါ်အိအိခိုင်သည် ဦးဝင်းထိုက်၏ အုပ်ထိန်းသူတစ်ဦးမဟုတ်သလို ၎င်း၏ ကောင်းကျိုး/ဆိုးကျိုးများသည် ဒေါ်အိအိခိုင်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ဦးဝင်းထိုက်၏ ကိုယ်ပိုင်အသိဉာဏ်ဆုံးဖြတ်ချက်ဖြင့် ပြုမူဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ၎င်းနှင့်သာဖြေရှင်းကြရန်နှင့် ၎င်းနှင့်ပတ်သက်ပြီး ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကိုကျဆင်းစေနိုင်သော စာသားများ ရေးသားဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုများ ဆက်လက်ပြုလုပ်နေပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိခိုင်(ဘ)ဦးလှမြိုင်[၁၄/ကလန(နိုင်)၀၈၁၂၀၄]၏**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထွန်းထွန်းနိုင်**
**အထက်တန်းရှေ့နေ(စဉ်–၂၇၆၉၅)**
**အခန်း(၂၆)၊ ပထမထပ်၊ Stand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်**
**ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း–၀၉–၇၆၇၄၇၁၈၁၃**

## တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက်
## ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ် ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက် စာတမ်းများ **မူရင်းနှင့်မိတ္တူ(၃)စောင်စီ**ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံ ရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ် သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃၂၀၀/- ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀/- ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့ တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### အရှင်အနေ့ာပမ (ခ) ဦးခင်မောင်ဦး

### သိက္ခာတော် (၃၁) ဝါ၊ သက်တော် (၈၈) နှစ်

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့်ဇနီး ဒေါက်တာဝင်းပုလဲ၏ ဖခင်ဖြစ်သူ အရှင်အနေ့ာပမ (ခ) ဦးခင်မောင်ဦး သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၈)နှစ်သည် ၁၆–၅–၂၀၂၆ (စနေနေ့)၊ နံနက် ၀၀း၄၂ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### အရှင်အနေ့ာပမ (ခ) ဦးခင်မောင်ဦး

### သိက္ခာတော် (၃၁) ဝါ၊ သက်တော် (၈၈) နှစ်

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့်ဇနီး ဒေါက်တာဝင်းပုလဲ၏ ဖခင်ဖြစ်သူ အရှင်အနေ့ာ ပမ (ခ) ဦးခင်မောင်ဦး သိက္ခာတော်(၃၁)ဝါ၊ သက်တော်(၈၈)နှစ်သည် ၁၆–၅– ၂၀၂၆ (စနေနေ့)၊ နံနက် ၀၀း၄၂နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

## ဒေါက်တာခင်မမ(ခ)ဒေါ်လီဝင်း

### ရောဂါဗေဒဆရာဝန်ကြီး(ငြိမ်း)

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ INNO CITY Condo၊ တိုက်(၁၀၄)၊အခန်း(၂၈၀၈)နေ[ဒေါက်တာခင်မောင်ဝင်း–သံအမတ်ကြီး(ငြိမ်း)]–(ဒေါ်စိန်စိန်)တို့၏သမီး၊ (ဗိုလ်မှူးမောင်မောင်ကွန့်–ဒေါ်အေးသွင်)တို့၏ သမီးချွေးမ၊ [(ဒေါက်တာမျိုးမင်း၊ ပါမောက္ခဌာနမှူး–ငြိမ်း၊ ဥပဒေရေးရာ ဆေးပညာဌာနဆေး–မန်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာမောင်မောင်–ဒေါက်တာခင်နုသာတို့၏ ညီမ၊(ဦးစိန်ဝင်း)၊ (ဦးမြင့်ဝင်း)တို့၏အစ်မ၊ ဦးရန်ဝင်းအောင်–ဒေါ်သင်းမြမြစံ၊ ဦးရန်မင်းအောင်–ဒေါ်လှလှဝင်း၊ ဦးထွေးမင်းသူ– ဒေါ်စိုးမြတ်လွင်တို့၏ မိခင်၊ မောင်စွမ်းရည်ပိုင်ထွေး၊ မအေးငြိမ်းသစ္စာ(ခ)ချယ်လ်စီးတို့၏ အဘွား ဒေါက်တာခင်မမ (ခ)ဒေါ်လီဝင်း (ရောဂါဗေဒဆရာဝန်ကြီး–ငြိမ်း) သည်၁၆–၅–၂၀၂၆(စနေနေ့)ည၈း၂၇နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားပါ၍ ၂၀–၅–၂၀၂၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများနံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ပျဉ်းမလမ်းနှင့်အင်လမ်းကြား၊ ကမ်းနားလမ်းမ၊ အမှတ်(၄၃၊ ၄၄၊ ၄၅) (၈) ထပ်ခွဲအဆောက်အဦ၊ Yangon River View Condo ၊ တာဝါ (A) ၊ အခန်းအမှတ် (A–021)၊ အကျယ်အဝန်း (1250 sq) ခန့်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန္တာဆွေ [၇/ပမန(နိုင်)၀၀၃၆၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သီတာမမ (LL.B, D.M.L, D.I.L)** | **ဒေါ်ခင်မျိုးလတ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၂၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၇၅)** |

**အမှတ်(၄၄)၊ ပ–ထပ်၊ အခန်း(၁၀)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၁၂၁၅၇၃၊ ၀၉–၂၅၄၁၃၀၀၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ်(၂၄၃)၊ ဧရိယာ–(၄၀' x ၆၀')အကျယ်ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဖန်စိုင်ကျဲ [၁၃/တကန(နိုင်)၁၂၉၆၄၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊ ရပိုင်ခွင့်ရှိသူများအပြင် အခြားမည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီဂီအောင် LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (၁၀၄၀၄)**
**အမှတ်(၁၉၉)၊ ဗိုလ်နက်ကျော်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၃၀၆၆၄၁၈**

## ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ရှုအိမ်း(ခ)Agnes Kay

### အသက်(၉၆)နှစ်

(ဦးကေဘကြီး–ဒေါ်ကြန့်ကြူ)တို့၏သမီး၊ [Dr ဦးဝင်းကြင်–မြစ်ကြီးနားဆေးရုံအုပ်(ငြိမ်း)]၏ ချစ်လှစွာသော ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပြည်လမ်း(၆)မိုင်ခွဲနေ၊ Dr ကံထွန်းဝင်း–Drခင်ခင်ဌေးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဇင်ဝင်းထွန်း–နန်းဆိုင်ဟောင်(ကနေဒါနိုင်ငံ)၊ Dr မေသန္တာ(စင်ကာပူနိုင်ငံ)တို့၏ ချစ်လှစွာသော အဘွားသည် ၁၇–၅–၂၀၂၆(တနင်္ဂနွေနေ့)နံနက် ၃း၂၀နာရီ တွင်(၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ၁၉–၅– ၂၀၂၆ (အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–၂၃/သုဝဏ္ဏ၊ ယင်းမာမြိုင်(၁)လမ်း ၊ မြေကွက်အမှတ်–၂၉၈/ခ၊ အကျယ် အဝန်း (အလျား၄၉ပေxအနံ၇၆ပေ)၊ ဧရိယာ (၃၇၂၄) စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခုလက်ဝယ်ရှိ ပိုင်ဆိုင်သူ ဒေါ်အေးအေးဖြိုး [၁၂/မဂတ(နိုင်)၀၄၂၂၆၈] ဂရန် အမည်ပေါက်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကို တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်စန္ဒာဦး** | **ဒေါ်သက်သက်မွန် (LL.B, LL.M, D.B.L, D.I.P.L)** |
| **[၉/မရတ(နိုင်)၀၁၃၅၁၈]** | **အထက်တန်းရှေ့နေ (စဉ်–၄၄၀၁၃)** |
| | **Ph: 09– 685455584** |

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၂/၁၇)တွင် ရုံးခန်းဖွင့်လှစ်ထားသော SHARK– ONE COMPANY LIMITED (Registration No. 141229664)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

SHARK NO.1

အထက်ပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ် စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ် – ၄/ ၆၅၂၁/၂၀၂၄ (၂–၈–၂၀၂၄)ရက်နေ့တွင် မှတ်ပုံတင်သွင်း မြွက်ဟကြေညာထားပြီးဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် နိုင်ငံပေါင်းစုံမှ ထုတ်လုပ်သည့် ဝါယာကြိုးအမျိုးမျိုး၊ လျှပ်စစ်ပစ္စည်း အမျိုးမျိုးတို့ကို ကုန်သည်ကြီးများထံမှ တစ်ဆင့်ဝယ်ယူ၍ လက်လီ/ လက်ကားစနစ်ဖြင့် ပြန်လည်ရောင်းချခြင်း၊ ဖြန့်ချီခြင်းအစရှိ သည်တို့ကို ရန်ကုန်တိုင်းဒေသကြီးနှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချီရောင်းချလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ် အသား အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပအသုံးပြုပါက မိမိ၏လုပ်ငန်း အကျိုးစီးပွားနှင့် စပ်လျဉ်း၍ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်တို့အတွက် တည်ဆဲ ဥပဒေများနှင့်အညီ ပြစ်မှုဆိုင်ရာဥပဒေအရလည်းကောင်း၊ တရားမ ဥပဒေအရလည်းကောင်း တရားစွဲဆိုအရေးယူဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန်တားမြစ် သတိပေး ကြေညာ အပ်ပါသည်။

**SHARK–ONE COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဘော် (စဉ်–၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်–၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L**
**ဦးရဲမြင့်ထွန်း (စဉ်–၂၀၂၃၇) LL.B**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁– လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**HP: 09–501 7044, 09–250 674 940**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### အရှင်အနေ့ာပမ (ခ) ဦးခင်မောင်ဦး

### သိက္ခာတော် (၃၁)ဝါ၊ သက်တော် (၈၈) နှစ်

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်နှင့်ဇနီး ဒေါက်တာဝင်းပုလဲတို့၏ ဖခင်ဖြစ်သူ အရှင်အနေ့ာပမ (ခ) ဦးခင်မောင်ဦး သိက္ခာတော် (၃၁)ဝါ၊ သက်တော်(၈၈) နှစ်သည် ၁၆–၅–၂၀၂၆ (စနေနေ့)၊ နံနက် ၀၀း၄၂ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားသည့် အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ**
**ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ ဆားဖိုးသာခြံအိမ်ရာစီမံကိန်း၊ အပိုင်း(၃)အတွင်းရှိ အိမ်အမှတ်(၆၇)၊ ဦးဖိုးသာလမ်း၊ စီမံကိန်းအမှတ်စဉ် (၃၁၈)ဖြင့် ရရှိမည့် တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း အတွက် ရရှိထားသော အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စန်းသော်တာဝင်း [၁၂/သဃက(နိုင်)၁၆၂၈၈၈]မှ ဆားဖိုးသာခြံစီမံကိန်းတွင် အမှတ်စဉ်(၃၁၈)ဖြင့် ရရှိထားသော တိုက်ခန်းဖြစ်ကြောင်းနှင့် လွှတ်လပ်စွာ လွှဲပြောင်းရောင်းချခွင့်ရှိ ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူမောင် [၁၄/ကခန(နိုင်)၀၉၇၀၁၅]မှ အဆိုပြု ကမ်းလှမ်းချက်ကို ယုံကြည်သဖြင့် ယင်းတိုက်ခန်း၏ ဝယ်ယူရန်အတွက် စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကြည်ကြည်ထွန်း**
**(တရားလွှတ်တော်ရှေ့နေ) စဉ်–၁၅၁၉၁**
**အမှတ်(၂၃၅/ခ)၊ သိင်္ဂီ(၃)လမ်းတောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉– ၅၀၂၅၃၄၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်–(ဖဖ–၃)၊ ဦးပိုင်အမှတ်၊ (၁၀၃)၊ ၁၁၁လမ်း၊ ၅၁x၅၂လမ်းကြားရှိ တောဂရန်မြေကွက်မည်ပေါက်သူ ဦးစိုးအောင်ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၃၃၉၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နီလာဝင်း[၉/ မရတ(နိုင်)၀၉၆၃၇၃]က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ် (၀၁၈၉/၂၀၂၆–၂၀၂၇) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက် အမှတ်–(ဖဖ–၃)၊ ဦးပိုင်အမှတ်(၇၀)၊ ၅၁ x ၅၂ကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်ဝင်း[၉/ မနတ(နိုင်)၀၂၃၃၃၄]က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ် (၀၁၉၀/၂၀၂၆–၂၀၂၇) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃/ မာန်ပြေ၊ မြေကွက်အမှတ်(၁၉၅/က)၊ မြေကွက်လိပ်စာအမှတ်–၁၉၅/က၊ မာန်ပြေ(၁၂)လမ်းအနောက်၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ် ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၁)ခန်းတည်း၊ (၅) ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ် ၊ အကျယ်အဝန်း(၁၈ပေx၅၄ပေ)၊ အမြင့်(၁၇ပေ)ရှိသော တိုက်ခန်း(၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍**

### အများသိစေရန်ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အပိုင်ရောင်းချသူများဖြစ်ကြသော ဦးနေလင်းအောင်[၆/မအရ(နိုင်)၀၈၅၁၇၆]နှင့် ဒေါ်အေးမြတ်မွန် [၁၂/အလန (နိုင်)၀၄၃၅၀၀]တို့မှ အရပ်ကတိ အရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ကြောင်းနှင့် ၎င်းတို့သာလျှင် ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ထုတ်ဖော် ဝန်ခံကတိပြု လျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ်၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးပြည့်ဖြိုး[၁၂/သကတ(နိုင်)၁၄၁၂၉၈]မှ အပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေ ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံ သော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေ နှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးပြည့်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၂၃)**
**အမှတ်(၂၃၉)၊ ပထမထပ်၊ (၃၆)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09–778 434 507**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၇)၊ ဦးပိုင်အမှတ် (၃၅–က) ခဲစင်း၊ ၆၂x၆၃ ကြား၊ ၂၈x၂၉ လမ်းကြားရှိ ဦးပွင့်ကြည် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၃၅၉၆/ ၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည် ထွေး၊ ဦးဖုန်းခိုင်၊ ဦးသက်နိုင်၊ ဒေါ်ဝင်းစန္ဒာတို့ထံမှ အရောင်း အဝယ်စာချုပ်အမှတ် (၄၂၇၆/ ၂၀၂၄)ဖြင့် ဝယ်ယူခဲ့သော ဦးမျိုးညွှန့်အောင်[၉/မရမ(နိုင်)၀၂၉၇၇၇]၊ ဒေါ်တိုးတိုးအောင် [၉/မရမ(နိုင်) ၀၀၁၀၀၃]တို့က အမှုတွဲအမှတ် (၀၁၈၃/ ၂၀၂၆–၂၀၂၇)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၈၀)၊ ဦးပိုင်အမှတ်–(၆၁–က)၊ ၃၁လမ်း၊ ၈၂x၈၃ လမ်းကြားရှိ ဒေါ်ဆွဲ့ခမ်းလှိုင်၊ ဒေါ်ဆွဲ့ခမ်းဟိန်း အမည်ပေါက် ဘိုးဘမြေကွက်အား မွေးစားမိခင် ဒေါ်ဆွဲ့ခမ်းလှိုင် (အပျိုဘဝ)၊ မွေးစားမိခင် ဒေါ်ဆွဲ့ခမ်းဟိန်း(အပျိုဘဝ)တို့ ကွယ်လွန်၍ ဒေါ်ဆွဲ့ခမ်းလှိုင်ထံမှ မွေးစားစာချုပ်အမှတ်(၅/၁၉၉၄)ဖြင့် မွေးစားခံခဲ့သော ကျန်ရစ်သူ မွေးစားသားဖြစ်သည့် ဦးထွန်းစိန်(ခ) ကျော်စိန်(ခ) စိုင်းပန်းဆိုင် [၉/မရမ(နိုင်)၀၄၉၂၀၄]နှင့် ဒေါ်ဆွဲ့ခမ်းဟိန်းထံမှ မွေးစားစာချုပ်အမှတ် (၄၆/၁၉၉၄)ဖြင့် မွေးစားခဲ့သော ကျန်ရစ်သူ မွေးစားသားဖြစ်သည့် ဦးထွန်းအေး [၁၂/ပဇတ(နိုင်)၀၀၅၄၂၅]တို့က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန် ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စျ)ရပ်ကွက်၊ အကွက် အမှတ်(လလ–၉၃)၊ ဦးပိုင်အမှတ်–(၄၇+၄၈)၊ ၄၉x၅၀လမ်းကြား၊ ၁၄၂x ၁၄၃ လမ်းကြားရှိ ဦးညွှန့်ဝင်း အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးညွှန့်ဝင်း၊ မိခင် ဒေါ်ခင်အေး ကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်အေး သန္တာဝင်း[၉/မရတ(နိုင်)၁၁၇၀၉၁]၊ ဦးဝင်းမင်းသောင်း [၉/မရတ (နိုင်) ၁၁၇၀၉၂]၊ ဦးသန်းနိုင်ဝင်း [၉/ခမစ (နိုင်)၀၀၇၁၆၈]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန် ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေ ဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါကခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ မြန်မာအသင်း ရွှေတံဆိပ် ၁၀ ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ကိုးခု ဆွတ်ခူး၊ နိုင်ငံအလိုက် အဆင့်(၁)ရရှိ

ရန်ကုန် မေ ၁၇

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပရာ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ရစ်နိုင်ငံမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂




## ယနေ့ မိုးလေဝသ (၁၈-၅-၂၀၂၆)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



## ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲများ မြန်မာပိုက်ကျော်ခြင်းအသင်း ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် မေ ၁၇

၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မေ ၁၇ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် သုံးယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများ ယှဉ်ပြိုင်ကစားသည်။

စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❐

## နော်တင်ဟမ်ဖော့ရက်စ်အသင်းကို မန်ယူအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ

မန်ယူအသင်းနဲ့ နော်တင်ဟမ်ဖော့ရက်စ်အသင်းတို့ မေ ၁၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းက အနိုင်ရပြီး အမှတ်ပေးဇယား တတိယနေရာမှာ ဆက်လက်ရပ်နိုင်ခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းက နော်တင်ဟမ်ဖော့ရက်စ် အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး မန်ယူအသင်းအတွက် သွင်းဂိုးတွေကို လုရှောက တစ်ဂိုး၊ ကွန်ဟာက တစ်ဂိုး၊ အမ်ဘူမိုက တစ်ဂိုး သွင်းယူပေးခဲ့ကာ နော်တင်ဟမ်ဖော့ရက်စ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ မိုရာတိုက တစ်ဂိုး၊ ဂစ်ဘ်ဝှိုက်က တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ တိုက်စစ်မှူး အမ်ဘူမို ဂိုးသွင်းယူနိုင်ရေး ဂိုးဖန်တီးပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန် ဒက်စ်ဟာ တစ်ရာသီအတွင်း ဂိုးဖန်တီးမှု အကြိမ်ရေ ၂၀ အထိ ရှိသွားခဲ့ပြီဖြစ်ပြီး အရင်က စံချိန်တင်ခဲ့တဲ့ ဟင်နရီနဲ့ ဒီဘရိုင်းတို့ရဲ့ ဂိုးဖန်တီးမှုအကြိမ်ရေ ၂၀ ကို လိုက်မီသွားခဲ့ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ○



မန်ယူအသင်းနှင့် နော်တင်ဟမ်ဖော့ရက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MFF ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၇

၂၀၂၆ MFF ယူ-၁၆ ဖူဆယ် လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂)ကို မေ ၁၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်းရှိ MFF ဖူဆယ် အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ်(၂)တွင် Mahar Burma အသင်းက United City အသင်းကို ငါးဂိုး-တစ်ဂိုး၊ Avengers Junior အသင်းက ဘူရှီဒိုအသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ FFU မင်းမဟော်အသင်းက မာရိန်းအသင်းကို ၁၀ ဂိုး-လေးဂိုး၊ TKA Star အသင်းက

စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❖



SGF Youth အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ပရီမီယာလိဂ်ပွဲစဉ် ရလဒ်များ (၁၇-၅-၂၀၂၆)

| | | | | | |
|---|---|---|---|---|---|
| အဲဗာတန် | ၁ - ၃ | ဆန်းဒါးလန်း | ဘရန့်ဖို့ဒ် | ၂ - ၂ | ခရစ္စတယ်ပဲလေ့စ် |
| ဝုဗ်ဗာဟမ်တန် | ၁ - ၁ | ဖူဟမ် | လိဒ်စ် | ၁ - ၀ | ဘရိုက်တန် |


**ယနေ့ ဖတ်စရာ**

MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်ဇယားထုတ်ပြန်ပြီး မေ ၂၃ ရက်တွင် စတင်ကျင်းပမည် စာမျက်နှာ » ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ စာမျက်နှာ » ၁၅